# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက် | ၂၀၂၃ ခုနှစ်၊ ဇွန် ၁၂ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၅၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကန့်ဘလူခရိုင်၌ မိုးရာသီ သီးနှံစုံ ဧက ၆၈၉၀၀၀ ကျော် လျာထားစိုက်ပျိုးသွားမည်



**ကန့်ဘလူ ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသူများဖြစ်ပြီး နွေ၊ မိုး၊ ဆောင်းရာသီအလိုက်သီးနှံများကို စိုက်ပျိုးကြကြောင်း သိရသည်။ ယခုနှစ်မိုးရာသီတွင် ဆည်ရေသောက်၊ ချောင်းပိတ်၊ မြောင်းပိတ်၊ လျှပ်စစ်ရေတင်၊ မိုးကောင်းသောက်ရေနှင့် မြေအောက်ရေတင်စနစ်များဖြင့် ခရိုင်အတွင်းရှိမြို့နယ်များ၌ မိုးရာသီသီးနှံစုံ ၆၈၉၇၆၃ ဧကကို လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မိုးစပါး ၁၇၄၆၀၇ ဧက စိုက်ပျိုးရန်လျာထား**

ကန့်ဘလူခရိုင်အတွင်းရှိ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့တွင် မိုးရာသီသီးနှံစုံအမျိုးအစားအလိုက် လျာထားဧကများမှာ မိုးစပါး ၁၇၄၆၀၇ ဧက၊ ပဲမျိုးစုံ (ပဲတီစိမ်း၊ ပဲစင်းငုံ၊ စွန်တာပြာစသည်) ၂၄၆၆၅၂ ဧက၊ ဆီထွက်သီးနှံ (မြေပဲ၊ နေကြာ) ဧက ၅၉၃၀၀၊ ကြံသီးနှံ ဧက ၁၁၀၁၀၊ ဝါသီးနှံ ၅၅ ဧက၊ စားဖိုဆောင် သီးနှံ ၁၅ ဧက၊ အခြားသီးနှံ ၁၅၉၉၀၆ ဧက၊ နှစ်ရှည်ပင် ၃၇၀၁၃ ဧက ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❒

**ယနေ့ ဖတ် စ ရာ**

**ဈေးထဲက သောကကို နားလည်ပါ**

ဆောင်းပါး စာ ၉



**“မိုခါ” မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၄) (ကျန်းမာရေးဝန်ကြီးဌာန)**

ဆောင်းပါး စာ ၁၀



**၂၀၂၃ ခုနှစ် တူကီယဲ (ယခင်တူရကီ) သမ္မတနိုင်ငံ ဒုတိယအကျော့ သမ္မတရွေးကောက်ပွဲ**

ဆောင်းပါး စာ ၁၆

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၃၇၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၁၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

စာမျက်နှာ ၅ ကော်လံ ၃ ✽

မြန်မာ့အလင်း

## စွမ်းရည်မြင့်မားစွာဖြင့် နိုင်ငံ့ဂုဏ်ဆောင်

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ဇွန် (၃) ရက်မှ (၉) ရက်နေ့အထိ ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ၌ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် မြန်မာမသန်စွမ်းအားကစားသမားများ ဇွန်လ ၁၀ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်လေဆိပ်တွင် သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည့် မြင်ကွင်းမှာ ဝမ်းမြောက်ကြည်နူးဖွယ်ပင်ဖြစ်သည်။ မသန်သော်လည်း စွမ်းဆောင်နိုင်ခဲ့ကြသည့် မြန်မာမသန်စွမ်းအားကစားသမားများက အာဆီယံနိုင်ငံများမှ ပြိုင်ဘက်များနှင့် ယှဉ်ပြိုင်ကာ မိမိတို့၏ စွမ်းဆောင်ရည်များဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲသည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲပြီးတိုင်း ကျင်းပသည့်ပြိုင်ပွဲဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် မသန်သော်လည်း စွမ်းသူတို့၏ အရည်အသွေးကို မြှင့်တင်ပေးရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ပထမဆုံးအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကို ၂၀၀၁ ခုနှစ်က မလေးရှားနိုင်ငံတွင် ကျင်းပခဲ့ပြီး နှစ်နှစ်လျှင် တစ်ကြိမ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပပြီးတိုင်း ကျင်းပခြင်းဖြစ်ရာ ယခု ၂၀၁၃ ခုနှစ်တွင် ကျင်းပသည့် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲမှာ (၁၂) ကြိမ်မြောက်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ကျင်းပသည့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ကစားနည်းပေါင်း ၁၄ နည်း ထည့်သွင်းကျင်းပပြီး နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ပြိုင်ပွဲဝင်အားကစားသမားများ ၁၄၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံမှ အားကစားသမား ၈၂ ဦးတို့က ကစားနည်းပေါင်း (၈) နည်းဖြစ်သည့် မျက်မမြင်စစ်တုရင်၊ မျက်မမြင်ဂိုးလ်ဘော၊ ရေကူး၊ ထိုင်လျက်ဘော်လီဘော၊ အလေးမ၊ ဘောလုံး၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်တို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၁၃ ခု၊ ကြေးတံဆိပ် ၁၀ ခု၊ ရေကူးအားကစားနည်းမှ ရွှေတံဆိပ် ၃ ခု၊ ငွေတံဆိပ် ၆ ခု၊ ကြေးတံဆိပ် ၄ ခု၊ စစ်တုရင် အားကစားနည်းမှ ကြေးတံဆိပ် ၂ ခု၊ အလေးမအားကစားနည်းမှ ငွေတံဆိပ် ၃ ခု၊ ကြေးတံဆိပ် ၂ ခု၊ Goalball (မျက်မမြင်) အားကစားနည်းမှ ကြေးတံဆိပ် ၁ ခု စုစုပေါင်း ဆုတံဆိပ် ၅၆ ခု ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့် ၆ တွင် ရပ်တည်နိုင်ခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်အရ ကမ္ဘာ့လူဦးရေ သန်း ၁၀၀၀ ကျော်သည် မသန်စွမ်းမှုတစ်မျိုးမျိုးကို ခံစားနေရသူများဖြစ်သည်ဟု ဆိုသည်။ ယင်းအနက် မသန်စွမ်းသူလူဦးရေ သန်းပေါင်း ၉၀ ခန့်တို့မှာ အာဆီယံဒေသတွင် ရှိနေကြသည်။ မသန်စွမ်းသူများဆိုသည်မှာ မွေးရာပါဖြစ်စေ၊ ထိခိုက်ဒဏ်ရာရမှုကြောင့်ဖြစ်စေ၊ ကျန်းမာရေးကြောင့်ဖြစ်စေ ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာတို့ ထိခိုက်သူ၊ ချို့ယွင်းသူများဖြစ်သည်ဟူ၍ ဖွင့်ဆိုသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်း၊ အရေအတွက်အားဖြင့် ၂ ဒသမ ၃ သန်းကျော်မှာ ကိုယ်အင်္ဂါ၊ အမြင်အာရုံ၊ အကြားအာရုံ၊ ဉာဏ်ရည် စသည့်တစ်ခုခုတွင် မသန်စွမ်းသူများဖြစ်သည်။

မသန်စွမ်းသူများဆိုရာတွင် ရုပ်ပိုင်း/စိတ်ပိုင်း တစ်ခုခု ထိခိုက်ချို့ယွင်းနေသော်လည်း ကျန်အပိုင်းက မချို့မယွင်းဘဲ ပိုမိုကောင်းမွန်၊ ပိုမိုထက်မြက်၊ ပိုမိုသန်စွမ်းနေလေ့လည်း ရှိတတ်သည်။ မိမိတို့၏ အားသာချက်ကို ဖွဲ့လုံ့လဝီရိယတို့ဖြင့် စွမ်းရည်မြင့်မားအောင်မြှင့်တင်ကာ မသန်သော်လည်း စွမ်းဆောင်နိုင်သူများ ကမ္ဘာနှင့်အဝန်းတွင် ရှိနေကြသည်။ (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲဝင် မြန်မာမသန်စွမ်းအားကစားမောင်မယ်များအနေဖြင့်လည်း မိမိတို့၏ စွမ်းရည်ကိုပြသကာ ဒေသတွင်း နိုင်ငံများအကြား နိုင်ငံတော်၏ ဂုဏ်ကိုဆောင်နိုင်ခဲ့ကြသည်။ အနာဂတ်ပြိုင်ပွဲများတွင် အားကစားနည်းများအားလုံး စွမ်းရည်မြင့်မားစွာ ဝင်ရောက်ယှဉ်ပြိုင်အနိုင်ယူနိုင်ရေးအတွက် မျှော်မှန်းကာ လက်ရှိအောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ကြိုးပမ်းကြရပါမည့်အကြောင်း။ ။

# (၇၆) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရန် အာဇာနည်ဗိမာန်၌ ပြင်ဆင်လျက်ရှိ

**ရန်ကုန် ဇွန် ၁၁**

(၇၆) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရန်အတွက် ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်၌ ပြင်ဆင်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဇွန် ၁၀ ရက်တွင် သွားရောက်ကြည့်ရှု စစ်ဆေးသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိသားစုတွေ့ဆုံခန်းမ၌ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများအား နိုင်ငံတော်အကြီးအကဲက တွေ့ဆုံမည့်နေရာ ခင်းကျင်းမည့်ပုံစံများ၊ အရေးကြီးပုဂ္ဂိုလ်များ နားနေခန်းခင်းကျင်းမည့် ပုံစံများ၊ လွမ်းသူ့ပန်းခွေချ အလေးပြုအခမ်းအနား ဆောင်ရွက်မည့် နေရာယူမှုပုံစံနှင့် အလေးပြုအခမ်းအနား တက်ရောက်မည့်သူများအား နေရာချထားမှုများ၊ ကွပ်ကဲရေးရုံးပြင်ဆင်နေမှုများ၊ အာဇာနည်ပုဂ္ဂိုလ်ကြီးများအား လာရောက်ဂါရဝပြုမည့် ပြည်သူများ၏ အဝင်အထွက်ဂိတ် ပြင်ဆင်နေမှုများ၊ အာဇာနည်ဗိမာန်ပေါ်နှင့် အာဇာနည်ကုန်းအတွင်း ပတ်ဝန်းကျင် သန့်ရှင်းသာယာမှုရှိစေရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ အခမ်းအနားပြင်ဆင်ရေးနှင့် စီစဉ်ရေးဆပ်ကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ကြည်နှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်း တင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြရန် မှာကြားသည်။

**ဆန်းကျော်ဦး**

**(ပြန်/ဆက်)**

## စစ်တွေမြို့နယ် မောင်နီပြင်ကျေးရွာနှင့်အနီးပတ်ဝန်းကျင်ကျေးရွာများမှ မုန်တိုင်းသင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်၊ သီးစုံဒံပေါက်ထမင်းဘူးများ ပေးဝေလှူဒါန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်မှု၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းရောက်ရှိမှု၊ ဒံပေါက်ထမင်းဟင်းလျာများ ပြင်ဆင်ထုပ်ပိုးဆောင်ရွက်နေမှုတို့အား ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁၁**

ကာကွယ်ရေး ဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ အထူးဆေးအဖွဲ့၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့်ကျန်းမာရေးဦးစီးဌာနများမှ ကျန်းမာရေး ဝန်ထမ်းများက ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့် ဒေသများမှ ဒေသခံပြည်သူများအား မြို့နယ်အလိုက် သတ်မှတ်နေရာများတွင် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေး ဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ သမားတော်များ၊ အထူးကုများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့နယ် မောင်နီပြင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ မုန်တိုင်းသင့် ဒေသခံပြည်သူများအား အဖျားရောဂါ၊ သွေးတိုးရောဂါ၊ ဝမ်းပျက်/ဝမ်းလျှောရောဂါ၊ အရိုး/အကြောရောဂါများ၊ အထွေထွေရောဂါများနှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထိုသို့ ဆောင်ရွက်ပေးနေမှုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လူနာတစ်ဦးချင်းစီ၏ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး SKY NET မိသားစု၊ မြန်မာနိုင်ငံလိုင်စင်ရကန်ရိုက်တာများ အသင်းချုပ် MLCA၊ MLCP အများပိုင်ကုမ္ပဏီလီမိတက်၊ မြန်မာ – အိန္ဒိယ – တရုတ်ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုး တိုးတက်ရေးအသင်း (MICA) နှင့် ဘာသာစုံမိတ်ဆွေများမှ ရက် ၃၀ စတုဒိသာ အလှူတော်အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသော သီးစုံဒံပေါက်ထမင်းဟင်းလျာဘူးများ ပေးဝေလှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက စစ်တွေမြို့နယ်အတွင်း စစ်တွေ–ရန်ကုန်သွား အဝေးပြေးလမ်းမကြီး ဝဲ/ယာတစ်လျှောက် မုန်တိုင်းကြောင့် ပြိုလဲ ပျက်စီးခဲ့သည့် သစ်ပင်/သစ်ကိုင်းများ ရှင်းလင်းဖယ်ရှားနေမှု၊ စစ်တွေမြို့ရှိဆိပ်ကမ်းများတွင် တပ်မတော်(ရေ)မှ ကမ်းထိုးရေယာဉ်များ၊ ကုန်တင်သင်္ဘောများဖြင့် တင်ဆောင် ရောက်ရှိနေသော ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား သတ်မှတ်နေရာများသို့ စနစ်တကျ ပို့ဆောင်နိုင်ရေးအတွက် လူအား / စက်ယန္တရားအားတို့ဖြင့် မော်တော်ယာဉ်များပေါ်သို့ ရွှေ့ပြောင်း ပို့ဆောင်ပေးနေမှု၊ စစ်တွေမြို့ရှိ နယ်မြေခံတပ်တွင် ဆောင်ရွက်လျက်ရှိသော ရက် ၃၀ စတုဒိသာ အလှူတော်အစီအစဉ်ဖြင့် ပြင်ဆင်ချက်ပြုတ်ထုပ်ပိုး၍ နေ့ရက်အလိုက် သတ်မှတ်ရပ်ကွက်/ကျေးရွာများရှိ မုန်တိုင်းသင့်ပြည်သူများထံသို့ တာဝန်ရှိသူများမှတစ်ဆင့် ပေးပို့လှူဒါန်းလျက်ရှိသည့် ပြင်ဆင်ချက်ပြုတ်ရေးနေရာသို့ သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ရခိုင်ပြည်နယ်ရှိ အခြေခံပညာကျောင်းများကို ဦးစားပေးအဆင့်သတ်မှတ်၍ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ



စစ်တွေမြို့ ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက် ဆရာတော်ထံ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာ သက်သက်ခိုင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**စစ်တွေ ဇွန် ၁၁**

စစ်တွေမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမသို့ ရောက်ရှိကြပြီး ခန်းမအမိုးမိုးခြင်းလုပ်ငန်းပြီးစီးမှု၊ မျက်နှာကြက်၊ ပြတင်းတံခါးများ၊ ရေ၊ မီးပြုပြင်ခြင်းလုပ်ငန်းနှင့် ခန်းမအတွင်းပိုင်းဒီဇိုင်းများ ပြင်ဆင်ဆောင်ရွက်သွားမည့်အခြေအနေကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။ **(အောက်ပုံ)**

**နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်း**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် စစ်တွေမြို့ ပြည်တော်သာရပ်ကွက် ဒက္ခိဏာရာမ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး စာသင်တိုက်ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေဃိယအား ဖူးမြော်ကြည်ညို၍ ပရိယတ္တိစာပေ သင်ကြားပို့ချနေမှု၊ သာသနိကအဆောက်အဦများ ပြန်လည်ပြုပြင်မွမ်းမံပြီးစီးမှု၊ ဆရာတော် သံဃာတော်များ သီတင်းသုံးမှုအခြေအနေနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားကာ နေ့ဆွမ်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်ရှိ ဝေဠုဝန် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ရောက်ရှိကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထို့နောက် ဝေဠုဝန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ ခေမာဝံသအား ဖူးမြော်ကြည်ညိုပြီး ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားမှုအခြေအနေ၊ စာသင်ဆောင်များ အခြေအနေနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထား၍ နေ့ဆွမ်း၊ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝေဠုဝန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် တက်ရောက်ပညာသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများကို စားသောက်ဖွယ်ရာများ ဝေငှပေးပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ရန် လျာထားသည့်မြေနေရာကို ကြည့်ရှုသည်။

အဆိုပါ ဝေဠုဝန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် KG အတန်းမှ Gread -8 အတန်းအထိ ကျောင်းသားကျောင်းသူ စုစုပေါင်း ၈၃၂ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက်ရှိ ဆရီဆရီမိုဟာဒေဗ့်ဘာရီ (မဟာသီဝ) ဟိန္ဒူဘုရားရှိခိုးကျောင်းသို့ ရောက်ရှိကြပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားကျောင်းပြန်လည်ပြုပြင် မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှု၍ လိုအပ်သည့် သွပ်နှင့်သစ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ (မဟာသီဝ) ဟိန္ဒူဘုရားရှိခိုးကျောင်း တာဝန်ရှိသူထံ စားသောက်ဖွယ်ရာများ လှူဒါန်းသည်။

**လိုအပ်သည်များကို ဖြည့်ဆည်း**

ယင်းနောက် စစ်တွေမြို့ မေယုလမ်းနှင့် ချင်းပျံလမ်းထောင့်ရှိ ရှင်မာကုကသီဒြယ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့ သွားရောက်ပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားကျောင်း ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျောင်းထိုင်ဘုန်းတော်ကြီးအား စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့သည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရန်အတွက် ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အခြေခံပညာကျောင်းများကို ဦးစားပေးအဆင့် သတ်မှတ်၍ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။





မိုခါမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်း စုစုပေါင်း ၁၅၃၈ ကျောင်း ထိခိုက်ပျက်စီးခဲ့ရာ ပြုပြင်ဆောင်ရွက်ပြီး ၃၇၅ ကျောင်း၊ ပြုပြင်ဆောင်ရွက်ဆဲကျောင်း ၉၉၀ နှင့် ပြုပြင်ဆောင်ရွက်ရန်ကျန် ၁၇၃ ကျောင်း ရှိကြောင်း သိရသည်။

**အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား**

ပညာသင်ကြားမှုအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ဇွန် ၁၀ ရက်အထိ လာရောက်ကျောင်းအပ်နှံသည့် ကျောင်းသားဦးရေ စုစုပေါင်း ၄၇၅၃၆၀ ရှိကြောင်းနှင့် အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာ သက်သက်ခိုင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ စစ်တွေမြို့ ရှင်မာကုကသီဒြယ် ခရစ်ယာန်ဘုရားရှိခိုးကျောင်း ကျောင်းထိုင်ဘုန်းတော်ကြီးအား စားသောက်ဖွယ်ရာများ လှူဒါန်းစဉ်။





ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

# ရေထွက်ကုန်ပစ္စည်းများ၏ ထုတ်လုပ်မှုဆိုင်ရာ စံနှုန်းများ၊ ကုန်ပစ္စည်းဆိုင်ရာ စံချိန်စံညွှန်းအရည်အသွေးများနှင့်အညီဖြစ်စေရေးအတွက် စနစ်တကျကြပ်မတ် ဆောင်ရွက်



**နေပြည်တော် ဇွန် ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတ မြို့နယ် ရှုခင်းသာရှိ ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ အနုစိတ်သရုပ်ခွဲခြင်းဆိုင်ရာ ဓာတ်ခွဲခန်းများ ဌာနစိတ်၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

**ရှင်းလင်းတင်ပြ**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက နိုင်ငံတကာတရားဝင်အသိအမှတ်ပြု ISO/IEC 17025 လက်မှတ်ကို သတ္တမအကြိမ်အထိ ရရှိခဲ့မှု အဆင့်ဆင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ GACC ၏ အကြံပြုချက်များ၊ အဏုဇီဝဓာတ်ခွဲခန်းနှင့် ဓာတ်ခွဲခန်းလုပ်ငန်းများ၊ ဗဟိုဓာတ်ခွဲခန်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဒေသဆိုင်ရာ ဓာတ်ခွဲခန်းလုပ်ငန်းများ၊ ရန်ကုန်မြို့ရှိ ငါးပုစွန် ပြုပြင်ထုတ်လုပ်သော အအေးခန်းစက်ရုံများအား လစဉ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်း စီမံချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်ပသို့ မြန်မာ့လယ်ယာသားငါးပို့ကုန်များ တင်ပို့မှုတွင် ငါးပုစွန်နှင့် ရေထွက်ကုန်များ၏ အခန်းကဏ္ဍသည်လည်း အရေးပါသော ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လျက်ရှိရာ မိမိနိုင်ငံ၏ ထွက်ကုန်အရည်အသွေးဆိုင်ရာ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးနှင့် သက်ဆိုင်ရာ လုပ်ငန်းရှင်များ၏ ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းစေရေးအတွက် ဖောက်သည်နိုင်ငံများက သတ်မှတ်ထားသည့် ရေထွက်ကုန်ပစ္စည်းများ၏ ထုတ်လုပ်မှုဆိုင်ရာ စံနှုန်းများ၊ ကုန်ပစ္စည်းဆိုင်ရာ စံချိန်စံညွှန်း အရည်အသွေးများနှင့်အညီ ဖြစ်စေရေးအတွက် စနစ်တကျကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

မြန်မာ့မွေးမြူရေး ရေထွက်ကုန်များအတွက် အမျိုးသားအဆင့် ဓာတုဓာတ်ကြွင်းထိန်းချုပ်မှု အစီအမံများနှင့်အညီ ကုန်ကြမ်းပစ္စည်း အပါအဝင် ထုတ်လုပ်မှု အဆင့်ဆင့်၏ သန့်ရှင်းရေး၊ ဓာတ်ကြွင်းများနှင့် ရောဂါဖြစ်ပွားစေသော ပစ္စည်းများအား စောင့်ကြည့် ထိန်းသိမ်းသွားရန်ဖြစ်ကြောင်း၊ ဓာတ်ခွဲခန်း ပညာရှင်များအနေဖြင့်လည်း နိုင်ငံတကာ အသိအမှတ်ပြု နည်းစနစ်ကောင်းများကို ပိုမိုသိရှိနားလည်ရေးနှင့် ဓာတ်ခွဲခန်းဆိုင်ရာ နည်းပညာများကို တိုးမြှင့်လေ့လာပြီး မျိုးဆက်သစ်လူငယ်ပညာရှင်များအား လက်ဆင့်ကမ်း မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းကြရန်လိုအပ်ကြောင်း ပြောကြားသည်။

**လိုအပ်ချက်များ ဆွေးနွေးမှာကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် သာကေတ မိကျောင်းမွေးမြူရေးစခန်းတွင် ပြုစုစောင့်ရှောက်ထားရှိသည့် မိကျောင်းဥနှင့် သားပေါက်အဆင့်မှ အရွယ်ရောက် မိကျောင်းများအထိ အဆင့်အလိုက် လုပ်ငန်းဆောင်ရွက်မှု၊ မြေသားကန် ကွန်ကရစ်ကန်များဖြင့် မိကျောင်းမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ငါးလုပ်ငန်းဦးစီးဌာန ရေအရည်အသွေး စစ်ဆေးရေးနှင့် ရေချိုသုတေသနဌာနစု၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သတင်းစာစက္ကူစက်ရုံ(သာပေါင်း)သို့ သဘာဝဓာတ်ငွေ့များ စမ်းသပ်ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သော ညောင်တုန်း–သာပေါင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်း တစ်လျှောက်ရှိ Valve Station နှင့် မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်း၏ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်) ၏ နှစ်ပတ်လည် အကြီးစားပြုပြင်နေမှုကို စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့တွင် သွားရောက်ကြည့်ရှု စစ်ဆေးသည်။ **(အောက်ပုံ)**

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ညောင်တုန်း–သာပေါင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းရှိ Valve Station ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများအား သစ်သီးခြင်းနှင့် အင်အားဖြည့် အစားအစာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) ရှိ သဘာဝဓာတ်ငွေ့ ထိန်းဖြန့်စခန်း (သာပေါင်း)သို့ ရောက်ရှိကြရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သော ညောင်တုန်း–သာပေါင်း သဘာဝဓာတ်ငွေ့ ပိုက်လိုင်းပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ သတင်းစာစက္ကူစက်ရုံ(သာပေါင်း)သို့ ဓာတ်ငွေ့ဖြန့်ဖြူးပေးနေမှု၊ မိုးမကျမီ သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးပေးနိုင်ရေးအတွက် အချိန်မီဆောင်ရွက်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြကြသည်။



ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သတင်းစာစက္ကူစက်ရုံ (သာပေါင်း) ပြန်လည် လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းရရှိနိုင်မှုအခြေအနေကို အကြံပြုဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အစားထိုးပြုပြင်ခဲ့သော ပိုက်လိုင်းများအား စနစ်တကျဆောင်ရွက်ခဲ့မှု အခြေအနေ၊ ပျက်စီးခဲ့သော လယ်ယာမြေများအား မူလအခြေအနေအတိုင်းဖြစ်အောင် ပြန်လည်ဆောင်ရွက်ပေးရေး၊ ပိုက်လိုင်းအမှတ်သားပြတိုင်များ စိုက်ထူရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဝန်ထမ်းများအား သစ်သီးခြင်းနှင့် အင်အားဖြည့် အစားအစာများ ပေးအပ်ပြီး သတင်းစာစက္ကူစက်ရုံ (သာပေါင်း) အတွင်း လှည့်လည်ကြည့်ရှုကြသည်။

**ပို့လွှတ်ဖြန့်ဖြူးပေးနေ**

ယခုအခါ ညောင်တုန်း – သာပေါင်း သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ၂၀၂၃ ခုနှစ် ဇွန် ၉ ရက်နေ့စ၍ သတင်းစာစက္ကူစက်ရုံ (သာပေါင်း) သို့ သဘာဝဓာတ်ငွေ့များ စမ်းသပ်ပို့လွှတ် ဖြန့်ဖြူးပေးနေပြီဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်းလက်အောက်ရှိ အမှတ် (၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)သို့ ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံဝန်ထမ်းများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဓာတ်မြေသြဇာများ ပိုမိုထွက်ရှိလာပါက တစ်ဧကအထွက်နှုန်းများ ပိုမိုတိုးတက်လာနိုင်မည် ဖြစ်သည့်အတွက် တောင်သူများအတွက် ပိုမို အကျိုးဖြစ်ထွန်းလာစေမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က စက်ရုံဝန်ထမ်းများအား သစ်သီးခြင်းနှင့် အင်အားဖြည့် အစားအစာများ ပေးအပ်ကာ စက်ရုံအတွင်းရှိ စက်ပြုပြင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## သာစည်၌ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့

**သာစည် ဇွန် ၁၁**

သာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ၂၀၂၃–၂၀၂၄ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၁ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ထွေ/အုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူ ခုနစ်ဦး၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ကိုးဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၂ ဦးနှင့် မူလတန်းအဆင့်ကျောင်းသား ကျောင်းသူ ၂၉ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၅၇ ဦးနှင့် ၂၀၂၃ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးတစ်ဘာသာဖြင့် အောင်မြင်သည့် ကျောင်းသားတစ်ဦးကို ပညာသင် ထောက်ပံ့ကြေးငွေများနှင့် ငွေကျပ် ၁၇၀၀၀၀ တန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။**(ယာပုံ)** ပညာသင်ထောက်ပံ့ကြေးပေးအပ်ရာတွင် တက္ကသိုလ်အဆင့်တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၊ အထက်တန်းအဆင့်တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀၊ အလယ်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၊ မူလတန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းနှင့် ဂုဏ်ထူးရကျောင်းသားအား ငွေကျပ် ၅၀၀၀၀ တို့ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ၌ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် မြန်မာမသန်စွမ်းအားကစားသမားများအား ဂုဏ်ပြုကြိုဆို



**ရန်ကုန် ဇွန် ၁၁**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ် ၁၅ခု၊ ငွေတံဆိပ် ၂၂ ခု၊ ကြေးတံဆိပ် ၁၉ခု ဆွတ်ခူးကာ နိုင်ငံအလိုက် အဆင့် (၆) ရရှိခဲ့သည့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး ခေါင်းဆောင်သော မြန်မာနိုင်ငံကိုယ်စားပြု အောင်ပွဲရ အားကစားအဖွဲ့သည် ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုးများ၊ ပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဂုဏ်ပြုကြိုဆိုကြသည်။

အဆိုပါ မြန်မာမသန်စွမ်း အားကစားအဖွဲ့တွင် ပြေးခုန်ပစ် အားကစားနည်းမှ ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၁၃ ခု၊ ကြေးတံဆိပ် ၁၀ခု၊ ရေကူးအားကစားနည်းမှ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် လေးခု၊ စစ်တုရင်အားကစားနည်းမှ ကြေးတံဆိပ် နှစ်ခု၊ အလေးမ အားကစားနည်းမှ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်နှစ်ခု၊ Goalball(မျက်မမြင်) အားကစားနည်းမှ ကြေးတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ် ၅၆ ခု ရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | ပေါင်း |
|---|---|---|---|---|---|
| ၁ | အင်ဒိုနီးရှား | ၁၅၉ | ၁၄၈ | ၉၄ | ၄၀၁ |
| ၂ | ထိုင်း | ၁၂၆ | ၁၁၀ | ၈၂ | ၃၂၈ |
| ၃ | ဗီယက်နမ် | ၆၆ | ၅၈ | ၇၇ | ၂၀၁ |
| ၄ | မလေးရှား | ၅၀ | ၃၈ | ၃၅ | ၁၂၃ |
| ၅ | ဖိလစ်ပိုင် | ၃၃ | ၃၃ | ၅၀ | ၁၁၆ |
| ၆ | မြန်မာ | ၁၅ | ၂၂ | ၁၉ | ၅၆ |
| ၇ | စင်ကာပူ | ၁၂ | ၁၅ | ၁၇ | ၄၄ |
| ၈ | ကမ္ဘောဒီးယား | ၉ | ၁၈ | ၄၃ | ၇၀ |
| ၉ | ဘရူနိုင်း | ၃ | ၃ | ၂ | ၈ |
| ၁၀ | တီမော | ၂ | ၀ | ၅ | ၇ |
| ၁၁ | လာအို | ၀ | ၂ | ၉ | ၁၁ |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**ပဲခူး ဇွန် ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့် ရှင်းလင်းခြင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ဇွန် ၉ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မေ ၂၂ ရက်တွင် ပဲခူးမြို့သို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန်ချက်များအား လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများ အမှန်တကယ်တိုးတက်အောင်မြင်မှုများ ရရှိစေရေး သက်ဆိုင်ရာ ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တစ်နှစ် သုံးသီးစိုက်ပျိုးသည့် ဒေသများတွင် သီးနှံစိုက်ချိန်၊ ရိတ်သိမ်းချိန် မှန်ကန်မှုရှိစေရေး လိုအပ်ချက်များ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပြီး ရေကြီးရေနက်ကွင်းများတွင် တစ်သီးစိုက်ပျိုးရာမှ သီးထပ်နှစ်သီး တိုးချဲ့စိုက်ပျိုးနိုင်ရေး ရေရရှိရေး နည်းလမ်းပေါင်းစုံဖြင့် ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိုးရေချိန်နည်းပါးသည့်မြို့နယ်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရေအနည်းလိုစပါးမျိုးများနှင့် ရွှေနှံ့သာ(၂)ပေါ်ဆန်းမွှေးစပါးမျိုးများအား သက်ဆိုင်ရာ စိုက်ပျိုးရေး မျိုးသန့်ခြံများတွင် စိုက်ပျိုး စုဆောင်းထားပြီးဖြစ်ကြောင်း၊ သီးထပ်စွမ်းအားမြင့်မားပြီး မြေလပ်မရှိ စိုက်ပျိုးနိုင်မှသာ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်မှာဖြစ်၍ သီးထပ်စွမ်းအားမြှင့်တင်ပေးနိုင်ရေး အထူးအလေးထားဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ပန်းတိုင် အထွက်နှုန်းရရှိရေး မိရိုးဖလာ စိုက်ပျိုးနည်း၊ မျိုးသုံးစွဲမှုများကို အမြန်ဆုံး ပြောင်းလဲစိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍတွင်လည်း ဒေသတွင်း အသားရိက္ခာဖူလုံပိုလျှံမှု ရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်အလိုက် မွေးမြူရေးဇုန်များ ဖော်ထုတ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ MSMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ဒေသထွက်ကုန်ကြမ်း ပစ္စည်းများဖြင့် သွင်းကုန် အစားထိုးကုန်ချောထုတ်လုပ်နိုင်ရေး စီမံချက်များ ချမှတ် ဆောင်ရွက်သွားနိုင်ရေး မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ညွှန်ကြားရေးမှူး ဦးရဲထွဋ်က ပဲခူးမြို့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန်ချက် ၅၇ ချက်ကို အသေးစိတ် ဖတ်ကြားရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများက ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲ အခြေအနေများအား ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးများက ဆောင်ရွက်ဆဲလုပ်ငန်းများနှင့်ပတ်သက်၍ အမြန်ဆုံး ပြီးစီးနိုင်ရေး အကြံပြုတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး၏ ညွှန်ကြားချက်ဖြစ်သည့် တစ်ခါသုံးရေသန့်ဘူး အသေးများ သုံးစွဲခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်ပေါ်ခြင်းကို လျှော့ချသုံးစွဲနိုင်ရေးနှင့် ပတ်သက်၍ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



❒ *ရွှေဖုံးမှ*

ကန့်ဘလူခရိုင်၌ ယခုနှစ်မိုးရာသီ သီးနှံစုံ စိုက်ပျိုးရာတွင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လယ်ယာမြေစာရင်းအင်းနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက တာဝန်ခွဲဝေဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်ပါက ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးများသို့ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

ယခုနှစ် မိုးရာသီသီးနှံများစိုက်ပျိုးရာတွင် မိုးစပါးသီးနှံများကို ဇွန်လလယ်တွင် စတင်စိုက်ပျိုးသွားနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး ပဲမျိုးစုံသီးနှံများ၊ ဆီထွက်သီးနှံများနှင့် အခြားသီးနှံများကို မေလက စတင်စိုက်ပျိုးဆောင်ရွက်လျက်ရှိကာ ယမန်နှစ်က မိုးရာသီ သီးနှံစုံ ၆၃၇၉၆၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

❁ *ရွှေဖုံးမှ*

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဇွန် ၁၂ ရက်မှ ဇွန် ၁၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၃၇၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၁၁**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၆ ဒသမ ၄၆ လက်မ၊ လောင်းလုံးမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ခရမ်းမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ပိုင်ကျုံမြို့တွင် ၁ ဒသမ ၇၅ လက်မ၊ ရေးမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ တောင်ကုတ်မြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ကွမ်းခြံကုန်းမြို့တွင် ၁ ဒသမ ၃၈ လက်မနှင့် ကျောက်တော်မြို့နှင့် ဖောင်းပြင်မြို့တို့တွင် ၁ ဒသမ ၂၆ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

အောင်ဘာလေ
အွန်လိုင်း သိန်းဆု ထီစနစ်

# Aung Bar Lay Application လမ်းညွှန်

## (အောင်ဘာလေ အွန်လိုင်းထီ Application ကို အသုံးပြုပုံအဆင့်ဆင့် )

အောင်ဘာလေ
အွန်လိုင်း သိန်းဆု ထီစနစ်



# မိုခါမုန်တိုင်းသင့် ပြည်သူများအတွက် မြန်မာ့ဆေးဝါးလုပ်ငန်းမှထုတ်လုပ်သော ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆေးဝါးများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇွန် ၁၁**
စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက် ကမ်းနားလမ်းနှင့် ရေတွင်းလမ်းထောင့်ရှိ ဝင်းသူဇာအရောင်းဆိုင်သို့ လည်းကောင်း၊ ဆတ်ရိုးကျရပ်ကွက်ရှိ စစ်တွေခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးသို့လည်းကောင်း သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ မိုခါမုန်တိုင်းကြောင့် ပျက်စီးသွားသည့် အဆောက်အဦများ ပြန်လည်ပြင်ဆင်နိုင်ရန်အတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် MSME လုပ်ငန်းများဖြစ်ကြသည့် ဆတ်ရိုးကျ စက်မှုရပ်ကွက်ရှိ “ရွှေငါး” မုန့်မျိုးစုံလုပ်ငန်း၊ ကျားမသောက်ကျေးရွာရှိ “ရွှေကျား” ရက်ကန်းလုပ်ငန်းနှင့် အောင်မင်္ဂလာမြောက်ရပ်ကွက်ရှိ “သန့်သန့်လေး” ဆီစက်ရုံများသို့ သွားရောက်ပြီး မုန်တိုင်းကြောင့် ပျက်စီးသွားမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့်အတူ ယမန်နေ့ ညနေပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ် အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ မိုခါမုန်တိုင်းကြောင့် MSME လုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုအခြေအနေနှင့် မူလအခြေအနေအတိုင်း လုပ်ငန်းပြန်လည် လည်ပတ်နိုင်ရေး စီမံဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ကူညီပံ့ပိုးနိုင်ရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ MSME လုပ်ငန်းများအတွက် မှတ်ပုံတင်မှုဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးညှိနှိုင်းခဲ့သည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်ထံ မိုခါမုန်တိုင်းသင့် ပြည်သူများအတွက် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ ထုတ်လုပ်သော ငွေကျပ်သိန်း ၁၀၀တန်ဖိုးရှိ ဆေးဝါးခုနစ်မျိုးကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ဝန်ထမ်းများအတွက် ငွေကျပ် ၇၅ သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မော်လမြိုင်မြို့ တောင်ဝိုင်းလမ်း မော်လမြိုင်တက္ကသိုလ် ပင်မပေါက်၌ တိုးချဲ့အဆင့်မြှင့်တင်ဆောင်ရွက်ပြီးသော ပလက်ဖောင်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၁**
မော်လမြိုင်မြို့ တောင်ဝိုင်းလမ်း မော်လမြိုင်တက္ကသိုလ် ပင်မပေါက်၌ တိုးချဲ့အဆင့်မြှင့်တင်ဆောင်ရွက်ပြီးသော ပလက်ဖောင်းဖွင့်ပွဲကို ဇွန် ၁၀ ရက်တွင် ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာ စကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပလက်ဖောင်းဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မော်လမြိုင်တက္ကသိုလ်ပင်မဆောင် အခန်း (၁၅) တွင် ပန်းချီကာတွန်း၊ ပိုစတာ (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲဝင်နေသည့် မော်လမြိုင်တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုသင်တန်းကျောင်းတို့မှ ကျောင်းသားကျောင်းသူများ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများနှင့် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ စာစီစာကုံးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မော်လမြိုင်ကျွန်းမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**မော်လမြိုင်ကျွန်း ဇွန် ၁၁**
ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ပုဂံပုံကြီးကျေးရွာအုပ်စု ပုဂံပုံကြီး-ပုဂံပုံလေး ကျေးရွာချင်းဆက်လမ်းဘေး၌ ဇွန် ၁၀ ရက်က ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးမည့် ပျိုးပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်နှင့် သစ်တောဦးစီးမှူးတို့က တက်ရောက်လာသူများထံ ပေးအပ်၍ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ သစ်တောဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက မဟော်ဂနီပင် ၂၀၀နှင့် မန်ကျည်းပင် ၃၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။ **သန်းမင်းငွေ**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## စစ်ကိုင်းမြို့ နည်းပညာတက္ကသိုလ်၌ ၂၀၂၃ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကျင်းပ

**မုံရွာ ဇွန် ၁၁**
ပြည်သူများအနေဖြင့် သစ်တောသစ်ပင်များ၏တန်ဖိုးကို နားလည်မြတ်နိုးသည့် စိတ်ဓာတ်ဖြစ်ပေါ်စေရေးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ဂေဟစနစ် ညီညွတ်မျှတစေရေး၊ ရာသီဥတုကောင်းမွန်ရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒအကျိုးများရရှိစေရေးတို့အား ရည်ရွယ်၍ ဇွန် ၁၁ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ နည်းပညာတက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ၂၀၂၃ ခုနှစ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သစ်တောသစ်ပင်များ စိုက်ပျိုးထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရဌာနများသာမက ပြည်သူများအားလုံး ဝိုင်းဝန်းပါဝင်ဆောင်ရွက်မှသာ အပြည့်အဝ အောင်မြင်နိုင်မည် ဖြစ်ပြီး သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော၊ သဘာဝ ထိန်းသိမ်းရေး နယ်မြေများ အတွင်းရှိ သစ်တောသစ်ပင်များသာ အရေးကြီးသည် မဟုတ်ဘဲ ယခုနေရာကဲ့သို့သော သစ်တောနယ်မြေပြင်ပမှ သစ်ပင်များ၏ အခန်းကဏ္ဍသည်လည်း အရေးပါသည့်အတွက် အထူးအလေးထား စိုက်ပျိုးထိန်းသိမ်းသွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးနှင့် စစ်ကိုင်းနည်းပညာ တက္ကသိုလ်ပါမောက္ခချုပ်တို့က ဌာနဆိုင်ရာဝန်ထမ်းများနှင့် နည်းပညာတက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ရှိသူများထံ တမာပျိုးပင်များအား ပေးအပ်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တမာပျိုးပင်ကို စိုက်ပျိုးပေးပြီး **(အောက်ပုံ)** တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် တမာပျိုးပင်များကို တပျော်တပါး စိုက်ပျိုးပေးကြကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးပေးနေမှုများအား လိုက်လံကြည့်ရှုအားပေးသည်။

အဆိုပါ စစ်ကိုင်းနည်းပညာတက္ကသိုလ်ကျောင်းဝင်းအတွင်း ကျင်းပသော ၂၀၂၃ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး ပွဲတော်တွင် နှစ်ပေနှင့်အထက် နှစ်နှစ်သားအရွယ်ရှိ တမာပျိုးပင် ၁၀၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဥတ္တမခန်းမ၌ ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ငါးစုရှိ ကျေးရွာကိုယ်စားလှယ်များအား ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ပြီး **(အပေါ်ယာပုံ)** လေဘေးသင့်ပြည်သူများလက်ဝယ်သို့ အမှန်တကယ် ရောက်ရှိစေရေး၊ စနစ်တကျဖြန့်ဝေနိုင်ရေးအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရွှေကျင်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းအတွက် ပြန်လည်ပြုပြင်ရန်လိုအပ်သော အမိုးသွပ်များ၊ ဆွမ်းဆန်တော်များနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မုန်တိုင်းဒဏ်သင့်ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းသော နဝကမ္မအလှူတော်ငွေများအား ကျောင်းထိုင်ဆရာတော်များထံ ဆက်ကပ်လှူဒါန်းသည်။



အလားတူ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မြေပုံမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မိုခါမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ နိုင်ငံတော်မှထောက်ပံ့သော ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများအား လေဘေးသင့်ပြည်သူများထံ မြန်ဆန်ထိရောက်စွာ ဖြန့်ဝေရာ၌ သဘာဝဘေးပြန်လည်ထူထောင်ရေး မူဝါဒနှင့်အညီဖြစ်စေရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများအနေဖြင့် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်စေရန် စသည်ဖြင့် ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၁**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေး အဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း၍ စစ်တွေမြို့ ပါတလိတ်ကျေးရွာအတွင်းရှိ မုန်တိုင်းကြောင့် ပြိုလဲပျက်စီးသွားသော နေအိမ်အဆောက်အအုံများ၊ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းကြီးများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ သိန်ဂနက်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မောင်တောမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျန်းမာရေး ဝန်ထမ်းများနှင့် ပူးပေါင်း၍ အောင်သုခကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ကျောက်တော်မြို့ အတွင်းရှိ လမ်းဘေး ဝဲ/ယာမှ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင် ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြို့မရပ်ကွက်ရှိ လမ်းဘေး ဝဲ/ယာမှ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများခုတ်ထွင် ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၁၁**

ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြသည်။ **(အောက်ပုံ)**

ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများ အား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ရမ်းဗြဲမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ရမ်းဗြဲ ဇွန် ၁၁**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းက



အ.မ.က ခမောင်းခြေတိုင်ကျောင်းဝင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးမင်းထက်အောင်က မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် ဌာနဆိုင်ရာများထံ ပျိုးပင်များလွှဲပြောင်းပေးအပ်သည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ ဆရာမများ ၊ ကျောင်းသားကျောင်းသူများက မန်ဂျန်ရှား၊ သင်းဂနက်၊ စိန်ပန်း၊ ခရေ၊ မြန်မာကုက္ကိုစုစုပေါင်းပျိုးပင် ၁၀၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

**သစ်ပင်စိုက်မှ အရိပ်ရ၏**
**ရိပ်ခိုနားနေ အပန်းပြေ၏**

# ဈေးထဲက သောကကို နားလည်ပါ

— — — ခင်သန်းမြင့် — — —



လူတစ်ခု ပူမှုရယ်နဲ့ ဆယ်ကုဋေ ဆိုတဲ့အထဲမှာ အခုနောက်ပိုင်း ကျွန်မတို့လို အိမ်ရှင်မတွေရဲ့ပူမှုက မနက်မိုးလင်း ဈေးထဲရောက်ကတည်းက အစပြုတယ်လို့ပဲ ဆိုရမယ်။

အရင်တုန်းကဈေးထဲရောက်ရင် ဘာဝယ်လို့ ဝယ်ရမှန်းမသိတာက တစ်ဒုက္ခ၊ အခုနောက်ပိုင်းတော့ ဈေးထဲရောက်ရင် ဒီနေ့ဘာပစ္စည်းတွေများ ကုန်ဈေးနှုန်းထပ်တက်ဦးမလဲဆိုတဲ့ သောကပါ အဆစ်ပါလာရပြန်တယ်။

ဒီနေ့တော့ လကုန်ရက်မို့ ခြိုးခြံချွေတာတဲ့အနေနဲ့ တော်ရုံသင့်ရုံ ဘဲဥချဉ်ရည်ဟင်းလေးပဲ ချက်မယ်လို့ စိတ်ကူးထားတယ်။ ဈေးထဲရောက်လို့ ပြန်စဉ်းစားကြည့်တော့ ဘဲဥတစ်လုံးက အနည်းဆုံးသုံးရာ၊ မိသားစုညမနက်ဆိုတော့ ဆယ်လုံး။ “ဟင်” ဘဲဥဖိုးချည်းပဲ ၃၀၀၀ ဖြစ်နေပါလား။ မကိုက်သေးပါဘူး။

ဒါနဲ့သားငါးတန်းဘက်ဆက်ပြီး ခြေဦးလှည့်မိတယ်။ ဟိုမှာ ငါးစင်ရိုင်းလေးတွေပါလား။

“လာ၊ အစ်မ တစ်ဆယ်သား ၁၂၀၀ ဈေး၊ အစိတ်သား ၃၀၀၀၊ ငါးမြစ်ချင်း အကောင်သေးက ၈၀၀၊ အကောင်ကြီးက ၁၀၀၀၊ ငါးမြီးတံသွယ်က ၁၂၀၀”

ငါးသည်က ကျွန်မအဖြေကို မော့ကြည့်ပြီး စောင့်မျှော်နေပေမယ့် စိတ်ထဲက ဒါလည်းမဟုတ်သေးပါဘူးဆိုတဲ့အတွေးနဲ့ ပေပြီးရပ်နေမိတယ်။

ဘေးကပ်လျက် ပင်လယ်ငါးဆိုင်က ဈေးသည်ကလည်း “ရွှေငါး တစ်ဆယ်သား ၈၀၀၊ ၇၀၀ နဲ့ ယူသွားအစ်မ၊ ငါးသေတ္တာငါးလည်း အတူတူပဲ။

ငါးမုတ်ကလည်း ၈၀၀၊ ၇၀၀ နဲ့ပဲယူသွား”။ အရင်က တစ်ပုံမှ သုံး၊ လေး၊ ငါးရာသာပေးရတဲ့ ပင်လယ်ငါးတွေကလည်း ဈေးခေါင်ခိုက်နေပါလား။

တစ်ခေတ်တစ်ခါက သတင်းစာဆရာကြီး ဦးသိန်းဖေမြင့်က မြန်မာလူမျိုးတွေ ပင်လယ်ငါး ပိုပြီးစားသုံးကြဖို့ နှိုးဆော်တိုက်တွန်းခဲ့တဲ့ “ခေတ်မီသူတိုင်း ပင်လယ်ငါးစားကြသည်” ဆိုတဲ့ ကြော်ငြာလေးကို သတိရသွားတယ်။ လက်ရှိမှာတော့ ပင်လယ်ငါးတွေကပဲ ခေတ်မီလာလို့ ရေချိုငါးတွေနည်းတူ ဈေးတွေလိုက်ပြီး တက်လာကြတာလား မသိဘူးလို့ ကြံကြံဖန်ဖန်အတွေးပေါက်မိသေးတယ်။

**ငါးပုစွန်တွေ လှိုင်လှိုင်ပေါ**

ဒီနေ့က ရေထရက်ဆိုတော့ ဈေးထဲမှာ ငါးပုစွန်တွေ လှိုင်လှိုင်ပေါနေတာကို တွေ့ရတယ်။ ရှေးမြန်မာတွေက လဆန်း ၁ ရက်ကနေ ၅ ရက်အထိကို ရေတက်ရက်၊ ၆ ရက်ကနေပြီး ၁၀ ရက်အထိ ရေကျရက်၊ ၁၁ ရက်ကနေပြီး ၁၅ ရက်အထိ ရေတက်ရက်၊ လပြည့်နေ့ကတော့ ရေအတက်ဆုံးခေါင်ရေ။ နောက်ပြီး လဆုတ် ၁ ရက်ကနေ ၅ ရက်အထိ ကျရက်၊ ၆ ရက်ကနေ ၁၀ ရက်တက်ရက်၊ ၁၁ ရက်ကနေပြီး လကွယ်အထိ ရေကျရက်။ အဲဒီလို ဗမာလဆန်း၊ လဆုတ်နဲ့ပဲ တွက်ကြတာပါ။ ငါး၊ ပုစွန်ဈေးက ရေတက်ရက်မှာ ပေါပြီး ရေကျရက်မှာ ရှားတယ်။

“ပုစွန်ဖော့ချိတ်ဝယ်ရင် ကောင်းမလား”

ဒန်ဇလားကြီးထဲက ပုစွန်ဖော့ချိတ်များဆီ မျက်စိက ရောက်သွားတယ်။

“တစ်ဆယ်သား ၁၂၀၀၊ အစိတ်သား ၃၀၀၀ နဲ့ ယူအစ်မ”

ပုစွန်ဖော့ချိတ်ဈေးကတော့ နည်းနည်းကျသွားတယ်။

ဟိုတစ်ရက်က သူထက်နည်းနည်းပိုကြီးတာ တစ်ဆယ်သား ၂၀၀၀။

၁၉၆၉–၁၉၇၀ ကျော်ကာလ ကျွန်မငယ်ငယ်က အမေနဲ့ဈေးအတူသွားခဲ့တာကို ဖျတ်ခနဲ သတိရသွားတယ်။ အမေက “ငါတို့ငယ်ငယ်ကဆို ဒီလိုငါးကျည်း၊ ငါးခူမျိုး မစားသေးပေါင်” လို့ ပြောပါတယ်။

ကျွန်မက “ဒါဆို ဘာငါးမျိုးတွေ စားသလဲ” ဆိုတော့ “ငါတို့မြန်မာတွေ အထူးသဖြင့် ရန်ကုန်သူ၊ ရန်ကုန်သားတွေက ငါးမြင်း၊ ငါးကြင်း၊ ပုစွန်ထုပ်လောက်မှကွယ်။ ပုစွန်ကျော့၊ ဖော့ချိတ်ဆိုတာမျိုး လှည့်တောင်မကြည့်ဘူး” လို့ ဆိုပါတယ်။

အဲဒီအချိန်က ပုစွန်ကျော့၊ ဖော့ချိတ် တစ်ပိဿာ ၁၂ ကျပ်၊ ငါးမြင်းရင်းဈေးက တစ်ပိဿာ ၁၈ ကျပ်ဖြစ်နေလို့ အမေက သူတို့ငယ်ငယ်က ခေတ်ထက်စာရင် ဈေးကြီးတယ်ဆိုပြီး မချိတင်ကဲ ပြောခဲ့တာဖြစ်ပါတယ်။ အခုအချိန်ဆို အမေဘာပြောမလဲမသိဘူး။

ပုစွန်စပ်ထုပ်အသေးလေးတွေပဲ တစ်ဆယ်သားကို ၂၅၀၀။ ငါးမြင်းရင်းက မပြောပါနဲ့၊ မြစ်ငါးတန် တစ်ဆယ်သားကိုပဲ ၂၀၀၀၊ ငါးကျည်း၊ ငါးခူ၊ ငါးကြင်း(အကောင်ကြီးသား) လည်း ၂၀၀၀ ပဲ။ ကျွန်မကြိုက်တဲ့ ငါးပုဏ္ဏားဆိုလည်း ၂၅၀၀၊ ၃၀၀၀ ဖြစ်နေလို့ မချက်ဖြစ်တာကြာပြီ။

ငါးဖယ်ခြစ်အစစ်နဲ့ ဆိတ်သားကလည်း တစ်ဆယ်သား ၃၀၀၀ မို့ အနားတောင်မကပ်ရဲဘူး။ အခုချိန်မှာ အခြားအိမ်ရှင်မတွေနည်းတူ ဝက်သားနဲ့ မွေးမြူရေးကြက်ပဲ အစားများနေခဲ့တယ်။ ဝက်သားသုံးထပ်သားကလည်း တစ်ဆယ်သား ၂၀၀၀၊ မွေးမြူရေးကြက်က ၁၀၀၀၊ ၁၂၀၀ ဖြစ်နေပေမယ့် ငါးပုစွန်တွေလို အမြီးနုတ်၊ ခေါင်းနုတ်စရာမလိုတော့ တွက်ခြေကိုက်တယ်လို့ပဲ ပြောရမှာပေ့ါ။

**ဝင်ငွေနဲ့ ထွက်ငွေ မျှတအောင် စီမံချက်ပြုတ်ရ**

တကယ်တော့ အိမ်ထောင်ဦးစီး ယောကျ်ားခင်ပွန်းတွေက အိမ်ထောင်တစ်ခုလုံး၊ မိသားတစ်စုလုံးရဲ့ စားဝတ်နေရေးအတွက် ဦးစီးစီမံရှာဖွေလုပ်ဆောင်ကြရတဲ့နည်းတူ ကျွန်မတို့ အိမ်ရှင်မတွေကလည်း ဝင်ငွေနဲ့ ထွက်ငွေ မျှတအောင် အခုလိုပဲ စဉ်းစားတွက်ချက်ပြီး ဝယ်ရခြမ်းရ စီမံချက်ပြုတ်ကြရတာပါပဲ။

မိသားစုလျှာရင်းမြက်စေဖို့ ဟင်းတစ်ခွက်ဖြစ်ဖို့ဆိုတာ လွယ်တာမှ မဟုတ်တော့တာ။ အခုနောက်ပိုင်း ဟင်းတစ်ခွက်ဖြစ်ဖို့ အနည်းဆုံး သုံး၊လေး၊ ငါးထောင်ရှိမှ။ သားငါးမတတ်နိုင်လို့ ဟင်းသီးဟင်းရွက်ပဲ စားဦးမလား။ ကန်စွန်းရွက်တစ်စည်း လေး၊ ငါးရာ။ ခရမ်းသီးအရှည်တစ်လုံး ငါးရာ၊ ပုံလုံသီးတစ်ထောင့် ခြောက်ရာ၊ ခုနစ်ရာ။ ငရုတ်သီးစိမ်း၊ နံနံပင်ဆို အရင်က ငါးဆယ်ဖိုး၊ တစ်ရာဖိုး ရတယ်။ တစ်ခါတလေ အဆစ်တောင်ထည့်ပေးသေးတယ်။ အခု နှစ်ရာဖိုးတောင် မရောင်းချင်တော့ဘူး။ လတ်တလောမှာ ချင်းတွေလည်း ဈေးကောင်းလာတယ်။ လက်တစ်ဆစ်ကိုပဲ လေး၊ ငါးရာ ပေးဝယ်နေရပြီ။

မြန်မာလူမျိုးတွေ အဓိကစားသုံးနေတဲ့ ဆန်ဆိုရင်လည်း မကြံ့စဖူး ဆန်ကြမ်းတစ်ပြည် ၃၀၀၀၊ ဆန်ချောပေါ်ဆန်းဆို ၃၅၀၀၊ ၄၀၀၀။ ရွှေဘိုပေါ်ဆန်းဆို ၄၅၀၀၊ ၅၅၀၀ တဲ့။

ဆန်ဈေးနှုန်း ကြီးမြင့်လာတာနဲ့ ပတ်သက်ပြီး တစ်နေ့က သတင်းစာထဲမှာ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနဲ့ အင်တာဗျူးတာ ဖတ်လိုက်ရတယ်။ အသင်းချုပ်ဥက္ကဋ္ဌက “ ဆန်ဈေးနှုန်းမြင့်တက်နေတဲ့ အပေါ်မှာ အကြောင်းအရာက သုံးခုလောက်ရှိတယ်။ အဓိကက လှောင်လက်တွေများတယ်။ ဈေးကို တက်အောင်လုပ်ပြီးမှ ထုတ်ရောင်းတာဖြစ်တယ်။ ဒီဟာတွေကို ကျွန်တော်တို့က စိစစ်ဖော်ထုတ်ပြီး ဆောင်ရွက်ဖို့ ရှိပါတယ်။ လူမှုကွန်ရက်တွေကနေပြီးတော့ မှန်တဲ့သတင်းတွေ တင်ပြတာရှိသလို လွဲမှားနေတဲ့ သတင်းတွေ၊ သူတို့ရဲ့ ရည်ရွယ်ချက်ကို အားပေးနေတဲ့ သတင်းမျိုးတွေကို တားဆီးဖို့ ရှိပါတယ်။

ဈေးကွက်ထဲမှာ ပြည်သူကို သတင်းမှားတွေ ပေးနေတာရှိတယ်။ စိုးရိမ်ပူပန်မှုတွေဖြစ်အောင် ဖန်တီးတယ်။ လူမှုကွန်ရက်ကနေ ဆန်ဈေးနဲ့ပတ်သက်ပြီး သတင်းမဟုတ်တာတွေ လှုံ့ဆော်နေတာတွေ့ရတယ်။ တချို့ဆိုရည်ရွယ်ချက်ရှိရှိ လုပ်နေတာတွေ့ရတယ်။ ဆန်အဝင်မရှိပါဘူး ဆိုတာတွေ၊ ဆန်အဝင်မရှိပါဘူးဆိုတော့ ပြည်သူလူထုက စိုးရိမ်တာပေ့ါ။ ဆန်ပြတ်လပ်သွားရင် ဘယ်လိုလုပ်မလဲ ဆိုပြီး ဖြစ်ကြတာ၊ အမှန်ကမဟုတ်ပါဘူး။ ကျွန်တော်တို့မှာ စပါးက လုံလုံလောက်လောက်ရှိပါတယ်။

စားသုံးသူပြည်သူတွေကို မေတ္တာရပ်ခံချင်တာက ဆန်ကို လိုသလောက်ပဲဝယ်ပါ။ ဆန်ဈေးတည်ငြိမ်အောင် ကျွန်တော်တို့စီစဉ်ဆောင်ရွက်နေပါတယ်။ ဆန်ကိုသိုလှောင်ပြီး ဈေးကစားတာတို့၊ ဈေးနှုန်းကြီးမြင့်အောင်လုပ်တာတို့ကို ဖော်ထုတ်ပြီး ပညာပေးတာတွေ၊ အရေးယူတာတွေ လုပ်ဖို့စီစဉ်နေပါပြီ။

အခုဆိုရင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ကျွန်တော်တို့နဲ့ ညှိနှိုင်းတိုင်ပင်ပြီး ဆန်သိုလှောင်တဲ့သူတွေ မှတ်ပုံတင်မယ့် စနစ်လုပ်ဖို့ရှိပါတယ်။ လှောင်လက်တွေဆိုတဲ့နေရာမှာ ပုံမှန်သမားရိုးကျ လှောင်တဲ့သူတွေရှိသလို အခြားရွှေတို့၊ ဒေါ်လာတို့ ဈေးကစားလို့မရအောင် နိုင်ငံတော်အစိုးရကနေပြီးတော့ ကိုင်တွယ်ထားတဲ့အခါမှာ ဆန်တို့၊ ပဲတို့မှာလာပြီးတော့ ရင်းနှီးမြှုပ်နှံတယ်။ လာပြီး ရင်းနှီးမြှုပ်နှံတာကို ကျွန်တော်တို့က ကြိုဆိုပါတယ်။ ဈေးကွက်ကမောက်ကမဖြစ်အောင် လာပြီးလုပ်တဲ့ အနေအထားမျိုးဆို ပြည်သူတွေရော အားလုံးထိခိုက်မှာဖြစ်တဲ့အတွက် ဒီကိစ္စတွေ မလုပ်ဖို့ပေ့ါ။ အခုတော့ ကျွန်တော်တို့က သိုလှောင်ရုံမှတ်ပုံတင်စနစ်ကို စတော့မှာဖြစ်ပါတယ်” ဆိုပြီးပြောတာ ဖတ်လိုက်ရတယ်။

တကယ်တော့ မြန်မာနိုင်ငံမှာ ခေတ်အဆက်ဆက်ကုန်ဈေးနှုန်းတက်တာ မဆန်းပေမယ့် အခုနောက်ပိုင်းမှာ တော်တော်ဆိုးရွားလာတယ်။ ကုန်ပစ္စည်းတစ်မယ်တည်း၊ တစ်ခုတည်းမကဘူး၊ အားလုံးညှိထားသလားလို့ အောက်မေ့ရလောက်အောင် အထွေထွေကို တက်လာတာ။ ဆန်၊ ဆီ၊ ဆား၊ သားငါး အမည်မည်အကုန်လုံးလိုလိုပါပဲ။

ဆန်ရေစပါးပေါများတဲ့နိုင်ငံမှာ ဆန်ဈေးနှုန်းကြီးတာ၊ မြစ်ချောင်းအင်းအိုင်ပေါများတဲ့နိုင်ငံမှာ သားငါးဈေးကြီးတာ၊ ရေသယံဇာတ၊ မြေသယံဇာတပေါကြွယ်ဝပြီး ရာသီဥတုမျှတတဲ့နိုင်ငံမှာ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်ဈေးကြီးတာ တကယ့်ကိုမဖြစ်သင့်တဲ့ ကိစ္စလို့ပဲ ဆိုရပါမယ်။

လက်ရှိအခြေအနေအရလည်း ပုံမှန်ကုန်ထုတ်လုပ်မှုနဲ့ ကုန်စည်စီးဆင်းမှုတွေက ပုံမှန်အနေအထားပါပဲ။ အခြေခံစားသောက်ကုန်တွေ ပြတ်လပ်မှုမရှိဘဲ ပုံမှန်ထွက်ရှိ၊ ဖြန့်ဖြူးရောက်ရှိနေတဲ့ကြားက ရန်ကုန်အပါအဝင် ဒေသအချို့မှာ ကုန်ဈေးနှုန်းတွေဘာကြောင့် အဆမတန် ဈေးကြီးနေရတာလဲ။ ကျွန်မတို့ လောဘတွေ တအားကြီးလာကြပြီလား။ လိုတာထက်ပိုအားကြီးလာတဲ့ လောဘဆိုရင်တော့ ဝိသမလောဘပါပဲ။

ဝိသမလောဘက ကူးစက်မြန်ပါတယ်။ သူများဆိုင်ကလက်ရာအကောင်းစား၊ ကုန်ပစ္စည်းအကောင်းစားနဲ့ တူတူတန်တန် မုန့်ဟင်းခါးတစ်ပွဲကို ၁၀၀၀ နဲ့ရောင်းရင် ဘေးကစုတ်တီးစုတ်ပဲ့ မုန့်ဟင်းခါးဆိုင်ကလည်း ၁၀၀၀ တက်ရောင်းဖို့ ဝန်မလေးပါဘူး။ ဒီလိုပါပဲ ဝိသမလောဘသား ကုန်သည်ပွဲစား ဆိုတာကလည်း မြန်မာနိုင်ငံမှာ နာဂစ်လို၊ အခု မိုခါလို သဘာဝဘေးတွေ ကြုံတွေ့လာရင် မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုသလို ကျဈေးနဲ့ သိုလှောင်ထားတဲ့ ကုန်ပစ္စည်းတွေကို ဈေးကစားပြီး အဆမတန်ဈေးတင်တော့တာပါပဲ။

တကယ်တော့ ကျွန်မတို့ဟာ အလှူအတန်းရက်ရောတဲ့ မြန်မာလူမျိုးတွေပါ။ ရှေးလူကြီးတွေကလည်း တကူးတကမလှူနိုင်ရင် “မလှူတတ်ရင် ဈေးရောင်းလို့” ဆိုခဲ့ကြပါတယ်။

ဒါကြောင့်မို့ ကုန်ဈေးနှုန်းကြီးမြင့်အောင် ဈေးကစားနေတဲ့ ကုန်သည်ပွဲစားတွေအနေနဲ့လည်း အများပြည်သူကို စာနာငဲ့ညှာတဲ့ အနေနဲ့ ကိုယ့်ရဲ့ဝိသမလောဘကို ချိုးနှိမ်ပြီး သင့်တင့်တဲ့ ဈေးနှုန်းနဲ့ သမ္မာအာဇီဝကျကျ ရောင်းဝယ်ဖောက်ကားပေးကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။

သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ အသင်းအဖွဲ့တွေအနေနဲ့လည်း ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြပါဦးလို့ တင်ပြလိုက်ရပါတယ်။ ။

**အခြေခံစားသောက်ကုန်တွေ ပြတ်လပ်မှုမရှိဘဲ ပုံမှန်ထွက်ရှိ၊ ဖြန့်ဖြူးရောက်ရှိနေတဲ့ကြားက ရန်ကုန်အပါအဝင် ဒေသအချို့မှာ ကုန်ဈေးနှုန်းတွေဘာကြောင့် အဆမတန် ဈေးကြီးနေရတာလဲ။ ကျွန်မတို့ လောဘတွေ တအားကြီးလာကြပြီလား။ လိုတာထက်ပိုအားကြီးလာတဲ့ လောဘဆိုရင်တော့ ဝိသမလောဘပါပဲ**

# "မိုခါ" မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၄) (ကျန်းမာရေးဝန်ကြီးဌာန)

မြင့်စိုး(နတလ)

### ပေါက်တောမြို့က ရတနာလေးတွေ

တစ်နာရီ မိုင် ၁၀၀ ကျော်နှုန်းတိုက်ခတ်နေသည့် လေပြင်းဒဏ်ကြောင့် ပင်လယ်ထဲက တဝုန်းဝုန်း ရိုက်ခတ်နေသော လှိုင်းသံတွေ၊ တဖြောင်းဖြောင်း ကျိုးကျလဲပြိုနေသော သစ်ပင်သစ်ကိုင်းတွေ၊ မိုးသံလေသံတွေကြားမှာ ကိုယ်ဝန်အရင့်အမာနှင့် မီးမဖွားရသေးသော မိခင်လောင်းတစ်ဦးသည် မည်သည့်အရာကို ဆုတောင်းလိမ့်မည် ထင်ပါသနည်း။ မိမိတို့နေထိုင်လျက်ရှိသည့် အိမ်လေး ပြိုလဲမသွားရေးလား၊ မိမိ၏ အသက်အန္တရာယ်မဆုံးရှုံးစေရေးလား၊ သို့တည်းမဟုတ် မွေးခါနီး ဖွားခါနီး မိမိလွယ်ထားရသော ဝမ်းကြာတိုက်ထဲက သားရတနာ၊ သမီးရတနာလေး ဘေးမသီရန်မခ လူ့လောကကြီးထဲကို ရောက်ရှိလာစေရေးလား၊ ကျွန်တော်ကတော့ တုန္နိုင်းမရသည့် မိဘမေတ္တာနှင့် ယှဉ်၍ ထွက်ပေါ်လာသော ဆုတောင်းသံတွေကို ကြားယောင်နေသလိုပင်။

ထိုကာလတစ်လျှောက်လုံး မိခင်လောင်း၏ ရင်ထဲမှာ အပူမီးတွေကြွ၍ ဇလောင်ဆူနေပါလိမ့်မည်။ အဖေအမေအတွက်ပူရ၊ လင်တော်မောင်အတွက် ပူရ၊ သားသမီးတွေရှိနေလျှင်လည်း သူတို့အတွက်ပူရ၊ ထို့ပြင် ဗိုက်ထဲက ကလေးအတွက်ပါ ပူရနှင့် သူ့အတွက်ပူဖို့ရန်ပင် အချိန်ကျန်သေးရဲ့လားမသိတော့ပါ။

ဤသည်တို့ကား ပြီးခဲ့သည့် မေ ၁၄ ရက်က ကြုံတွေ့ခဲ့ရသည့် မိုခါမုန်တိုင်းနှင့် ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့လေးဆီက ကိုယ်ဝန်ဆောင်မိခင်များ၏ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲခဲ့သော စိတ်ခံတော်ရေးရာတိုက်ပွဲပဲ ဖြစ်ပါသည်။ ဤပွဲမှာ ရခိုင်မိခင်လောင်းများ အနိုင်ရခဲ့ပါ၏။ မုန်တိုင်းတိုက်ခတ်မှုအပြီး မေ ၁၄ ရက် ည ၁၀ နာရီတွင် ရိုးရိုးမွေးလူနာတစ်ဦး၊ မေ ၁၅ ရက် နံနက် ၁ နာရီတွင် ခွဲစိတ်မွေးဖွားပေးခဲ့ရသော မွေးလူနာတစ်ဦးတို့ကို ပေါက်တောမြို့ ပြည်သူ့ဆေးရုံရှိ ဆရာဝန်၊ ဆရာမ၊ သူနာပြုများက အောင်မြင်စွာ ကြိုးပမ်းအားထုတ်မွေးဖွားပေးနိုင်ခဲ့သည်။ ဂုဏ်ပြုလိုက်ပါသည်။ ပေါက်တောမြို့လေးဆီက ဆရာဝန်၊ ဆရာမ၊ သူနာပြုများတို့ရေ ...။



အထူးကုဆရာဝန်ကြီးများအဖွဲ့ လူနာတစ်ဦးအား ခွဲစိတ်ကုသပေးနေမှုကို တွေ့ရစဉ်။

### လူ့အသက်ထက် အရေးကြီးတာဘာမျှမရှိ

ကိုဗစ်ကပ်ရောဂါ ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစဉ် အချိန်ကာလကတည်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အမှာစကားဖြစ်သည်။ ဤစကားရပ်သည် ကပ်ရောဂါဘေးအတွက်သာမက သဘာဝဘေးအပါအဝင် နိုင်ငံသူနိုင်ငံသားများ ကြုံတွေ့လာရသည့် မည်သည့်ဘေးအန္တရာယ်အတွက်မဆို ရာနှုန်းပြည့် သက်ရောက်မှုရှိနေပါလိမ့်မည်။ သည့်အတွက်လည်း လူ့အသက်ပေါင်းများစွာကို ကူညီကယ်ဆယ်စောင့်ရှောက်မှုပေးနေသော ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။ မုန်တိုင်းမဝင်ရောက်မီ အကြိုကာလဖြစ်သော၂၀၂၃ ခုနှစ် မေ ၇ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း ဦးဆောင်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပကာ သဘာဝဘေးဖြစ်ပွားလာပါက ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် အထူးကုဆေးအဖွဲ့များ၊ အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့(Rapid Response Team)များ ကြိုတင်ဖွဲ့စည်းထားရန်၊ ဆေးနှင့် ဆေးပစ္စည်းများအား ဘေးသင့်နိုင်သည့် ဒေသများနှင့် အနီးဆုံးနေရာများသို့ ကြိုတင်ပို့ဆောင်ထားရန်၊ ကျန်းမာရေးဌာနအဆောက်အအုံများ၊ ဆေးရုံသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ ပျက်စီးဆုံးရှုံးမှုနည်းပါးစေရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ ဆေးရုံမှလူနာများ၊ ဝန်ထမ်းများ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူများအား ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းထားရှိရန်၊ မုန်တိုင်းလွန်ကာလ၌ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အမြန်ဆုံးပြန်လည်စတင်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန် မှာကြားခဲ့သည်။

ဦးစီးဌာနများအနေဖြင့် ဆေးနှင့်ဆေးပစ္စည်းများ၊ စက်ပစ္စည်းများ(CT-scan, X-ray, Ultrasound စသည်) ခတ်ခွဲခန်းသုံးပစ္စည်းများ၊ ထိခိုက်နိုင်သောယာဉ်များကို ပျက်စီးမှုမရှိစေရေး ကြိုတင်ရွှေ့ပြောင်းထားခဲ့ကြသည်။ ကုသရေးဦးစီးဌာနအနေဖြင့်လည်း ရခိုင်ပြည်နယ် ကုသရေးဦးစီးဌာနအပါအဝင် ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်က ပြည်သူ့ဆေးရုံများအတွက် လုပ်ငန်းသုံးရန်ပုံငွေ၊ လုပ်အားခ၊ ကယ်ဆယ်ရေးရန်ပုံငွေ၊ စားနပ်ရိက္ခာ၊ စက်သုံးဆီတို့အတွက် သင့်တော်သောရန်ပုံငွေများကို ကြိုတင်ပေးပို့ထားခဲ့သည်။

### ကြိုတင်ဖွဲ့စည်းစေလွှတ်ခဲ့သည်

ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးတက္ကသိုလ်များအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အထူးကုဆေးအဖွဲ့ ၁၈ ဖွဲ့၊ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဆရာဝန်များ ဦးဆောင်သော ဆေးကုသရေးအဖွဲ့ ၁၁ ဖွဲ့၊ မြန်မာနိုင်ငံ ပုဂ္ဂလိက ဆေးရုံများအသင်းမှ ဆရာဝန်များ ဦးဆောင်သော ဆေးကုသရေးအဖွဲ့ ၁၆ ဖွဲ့၊ စိတ်ကျန်းမာရေးအထူးကု အဖွဲ့လေးဖွဲ့၊ မျက်စိအထူးကု ဆေးအဖွဲ့လေးဖွဲ့တို့ကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ အဆိုပါဆေးအဖွဲ့များထဲမှ ဆေးတက္ကသိုလ်-၁ (ရန်ကုန်)နှင့်ဆေးတက္ကသိုလ်-၂ (ရန်ကုန်)တို့မှ အထူးကုဆရာဝန်များ ပါဝင်သော ဆေးအဖွဲ့နှစ်ဖွဲ့ကို စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း၊ ပြည်သူ့ဆေးရုံကြီး(ပြည်)နှင့် ဆေးတက္ကသိုလ်(မကွေး)တို့မှ အထူးကုဆရာဝန်များ ပါဝင်သော ဆေးအဖွဲ့ကို ကျောက်ဖြူမြို့ ပြည်သူ့ဆေးရုံကြီးသို့ လည်းကောင်း ကြိုတင်စုဖွဲ့စေလွှတ်ထားခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရောက်ရှိလာကြသော ဆရာဝန်တစ်ဦး၊ သူနာပြုလေးဦးစီ ပါဝင်သော အရေးပေါ်တုံ့ပြန်ရေး ဆေးအဖွဲ့ (RRT) ငါးဖွဲ့ကိုလည်း ရသေ့တောင်နှင့် ပေါက်တောသို့ ရေကြောင်းခရီးဖြင့်လည်းကောင်း၊ မောင်တောအဖွဲ့အား ရဟတ်ယာဉ်ဖြင့်လည်းကောင်း ကြိုတင်စေလွှတ်ခဲ့သည်။ ယင်းသို့ကြိုတင် ရောက်ရှိနေသည့်အဖွဲ့များတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်(ပြည်သူ့ကျန်းမာရေး)ဦးဆောင်သော ပြည်သူ့ကျန်းမာရေးဆရာဝန်များပါဝင်သည့် ဗဟိုအားဖြည့်အဖွဲ့၊ ကုသရေးဦးစီးဌာန (ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူးနှစ်ဦးပါဝင်သောအဖွဲ့တို့ကိုပါ ပူးပေါင်းစေလွှတ်ထားခဲ့သည်။

### မုန်တိုင်းလွန်ကာလ ကုသရေးလုပ်ငန်းများစတင်

မိုခါမုန်တိုင်းသည် အရှိန်အဟုန်ပြင်းစွာဖြင့် ရခိုင်ပြည်နယ်အတွင်းသို့ ဦးတည်တိုက်ခတ်လာခဲ့ရာ ရခိုင်ပြည်နယ် ၁၇ မြို့နယ် ရှိသည့်အနက် မြောက်ပိုင်းမြို့နယ်များဖြစ်သော စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ ပေါက်တောမြို့နယ်များတွင် ထိခိုက်ပျက်စီးမှုများပြားခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနသည် မုန်တိုင်းသင့် ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ သူနာပြုနှင့်

စာမျက်နှာ ၁၁ သို့



သက်ကြီးအဘွားတစ်ဦးအား အထူးကုဆရာဝန်ကြီးတစ်ဦး မျက်စိစမ်းသပ်ပေးစဉ်။

❖ **ကိုဗစ်ကပ်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစဉ် အချိန်ကာလကတည်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အမှာစကားဖြစ်သည်။ ဤစကားရပ်သည် ကပ်ရောဂါဘေးအတွက်သာမက သဘာဝဘေးအပါအဝင် နိုင်ငံသူနိုင်ငံသားများ ကြုံတွေ့လာရသည့် မည်သည့်ဘေးအန္တရာယ်အတွက်မဆို ရာနှုန်းပြည့် သက်ရောက်မှု ရှိနေပါလိမ့်မည်။ သည့်အတွက်လည်း လူ့အသက်ပေါင်းများစွာကို ကူညီကယ်ဆယ်စောင့်ရှောက်မှုပေးနေသော ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့**



ကျန်းမာရေးဌာန၌ ဆေးလာရောက်ကုသနေသော မိခင်နှင့်ကလေးများကို တွေ့ရစဉ်။



မျက်စိဝေဒနာရှင်များကို မျက်စိစမ်းသပ်ပေးနေမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၁၀ မှ*

သားဖွားသင်တန်းကျောင်းများ အမြန်ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးခဲ့သည်။ ကုသရေးအဖွဲ့များအတွက် လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရေယာဉ်တို့ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ လေယာဉ်၊ သင်္ဘောများဖြင့်လည်းကောင်း အမြန်ဆုံး ပို့ဆောင်ပေးခဲ့သည်။

နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ငါးဦးစီပါဝင်သော အရေးပေါ်ကျန်းမာရေး တုံ့ပြန်ဆောင်ရွက်မှုအဖွဲ့ (RRT)နှစ်ဖွဲ့သည် မေ ၂၀ ရက်တွင် စစ်တွေမြို့သို့ ရောက်ရှိလာရာ မင်းပြားမြို့နယ်သို့ တစ်ဖွဲ့၊ ဘူးသီးတောင်မြို့နယ်သို့တစ်ဖွဲ့ စေလွှတ်တာဝန်ထမ်းဆောင်စေခဲ့သည်။

**အရေးပေါ်ကျန်းမာရေးတုံ့ပြန်ဆောင်ရွက်မှု (RRT)အဖွဲ့များ**

ယင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရာတွင် မုန်တိုင်းအကြိုကာလနှင့် တိုက်ခတ်ပြီးစအချိန်များတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပြည်၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်တို့မှ ဆရာဝန်၊ ဆရာမများဖြင့် စုဖွဲ့ဆောင်ရွက်ခဲ့သည်။ မေ ၃၀ ရက်တွင် အလှည့်ကျတာဝန်ထမ်းဆောင်ရန် ရောက်ရှိလာကြသော ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်အဖွဲ့များနှင့် တာဝန်လဲလှယ်ထမ်းဆောင်စေခဲ့သည်။ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းမှ အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့အား ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ရခိုင်ပြည်နယ်သို့ စေလွှတ်ပေးခဲ့ပြီး မြေပုံမြို့နယ်တွင် စတင်တာဝန်ထမ်းဆောင်စေခဲ့သည်။

ယနေ့အချိန်ထိ ရခိုင်ပြည်နယ် မြို့နယ်အသီးသီးတွင် အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့များ၏ ဖြန့်ခွဲတာဝန်ထမ်းဆောင်မှု အခြေအနေမှာ မောင်တောမြို့နယ်တွင် တစ်ဖွဲ့၊ ရသေ့တောင်မြို့နယ်တွင် နှစ်ဖွဲ့၊ စစ်တွေမြို့နယ်တွင် တစ်ဖွဲ့၊ ပေါက်တောမြို့နယ်တွင် တစ်ဖွဲ့၊ ကျောက်တော်မြို့နယ်တွင် တစ်ဖွဲ့၊ ဘူးသီးတောင်မြို့နယ်တွင် တစ်ဖွဲ့တို့ ရှိနေကြပြီး ပုဂ္ဂလိကဆေးရုံများအသင်း ဆေးအဖွဲ့အား မြောက်ဦးမြို့နယ်သို့ ရွှေ့ပြောင်းတာဝန်ထမ်းဆောင်စေလျက်ရှိသည်။

**အထူးကုဆေးအဖွဲ့များဖြင့် ကွင်းဆင်းကုသပေး**

ဆေးတက္ကသိုလ်-၁ (ရန်ကုန်)နှင့် ဆေးတက္ကသိုလ်-၂ (ရန်ကုန်)မှ အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့နှစ်ဖွဲ့သည် ကျောက်တော်မြို့နှင့် မင်းပြားမြို့များတွင် အခြေပြု၍လည်းကောင်း၊ ဆေးတက္ကသိုလ်(မန္တလေး)မှ အထူးကုဆရာဝန်ကြီးများသည် ရသေ့တောင်မြို့နှင့် ပေါက်တောမြို့များတွင် အခြေပြု၍လည်းကောင်း ကုသမှုများဆောင်ရွက်ပေးခဲ့သည်။ စစ်တွေပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး(ဆေးပညာ)နှင့် အထူးကုဆရာဝန်ကြီး(ခွဲစိတ်)တို့ကိုလည်း ရသေ့တောင်၊ ပေါက်တောသို့ လိုက်ပါပူးပေါင်းဆောင်ရွက်စေခဲ့သည်။ ရန်ကုန်မြို့မှ ရောက်ရှိလာသော မျက်စိအထူးကုဆေးအဖွဲ့သည် စစ်တွေဆေးရုံကြီးတွင် အခြေပြုကာ မျက်စိလူနာများကို ကုသပေးလျက်ရှိသည်။ ယင်းကဲ့သို့ အထူးကုဆရာဝန်ကြီးများ ပါဝင်လာသောကြောင့် အထွေထွေရောဂါ၊ ခွဲစိတ်ကုလူနာ၊ ကလေးရောဂါ၊ အရိုးအကြော၊ မျက်စိ၊ သားဖွားမီးယပ်၊ သွားနှင့် ခံတွင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါများကို ကုသပေးသည့်အပြင် ထပ်ဆောင်း ကိုဗစ်ကာကွယ်ဆေး ထိုးနှံခြင်းများကိုလည်း ပြုလုပ်ပေးခဲ့သည်။

ယင်းကဲ့သို့ အထူးကုဆရာဝန်ကြီးများနှင့် ကုသခွင့်ရခဲ့ကြသော လူနာဦးရေမှာ ရသေ့တောင်တွင် ၁၉၁ ဦး၊ စစ်တွေမြို့နယ်အတွင်းရှိ ကြို့တဲတွင် ၃၉၄ ဦး၊ မင်းဂံတွင် ၂၉၄ ဦး၊ သင်္ကေပြင်တွင် ၅၈ ဦး၊ မင်းပြားတွင် ၁၁၅၀၊ ကျောက်တော်တွင် ၉၆၁ ဦး၊ ပုဏ္ဏားကျွန်း၌ ၂၇၅ ဦး၊ ပေါက်တောတွင် ၃၇၁ ဦး၊ မာန်အောင်တွင် ၈၄၈ ဦး၊ ဘူးသီးတောင်တွင် ၁၉၀၊ မောင်တောတွင် ၅၃၃ ဦး စုစုပေါင်း ၅၂၆၅ ဦး ဖြစ်သည်။ အဆိုပါ အထူးကုဆရာဝန်ကြီးများ ကုသမှုပေးနေသောနေရာများသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီးများ ပါဝင်သောအဖွဲ့က သွားရောက်ကြည့်ရှုအားပေးခဲ့ကြရာ မေ ၂၁ ရက်တွင် ပုဏ္ဏားကျွန်းမြို့သို့လည်းကောင်း၊ မေ ၂၄ ရက်တွင် ပေါက်တောမြို့သို့လည်းကောင်း၊ ပြီးခဲ့သည့် ဇွန် ၃ ရက်က စစ်တွေမြို့နယ် ကြို့တဲကျေးရွာသို့ လည်းကောင်း ရောက်ရှိခဲ့ကြသည်။ အထူးကုဆေးအဖွဲ့များကို ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

စစ်တွေမြို့နယ် ကြို့တဲကျေးရွာသို့ ရောက်ရှိစဉ် သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ဒေါက်တာတင်တင်ဝင်းက မေ ၁၇ ရက် ညနေပိုင်းတွင် စစ်တွေပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာသော လူနာအမျိုးသမီးတစ်ဦးအား ခဲရာခဲဆစ် ဝိုင်းဝန်းကုသကယ်ဆယ်ခဲ့ရပုံကို ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ ယင်းအမျိုးသမီးသည် သားအိမ်ပြင်ပသန္ဓေတည်ရာမှ သန္ဓေသားပေါက်ထွက်၍ ဝမ်းဗိုက်အတွင်း သွေးထွက်သွေးလွန်လူနာအဖြစ် ရောက်ရှိလာသော (Ectopic Pregnancy)ရောဂါဖြစ်သည်။ အချိန်မီခွဲစိတ်ကုသမှု မပြုနိုင်ခဲ့ပါက အသက်အန္တရာယ်ထိခိုက်နိုင်ကြောင်း သိခဲ့ရသည်။

**ဝမ်းလျှောဝမ်းပျက်ရောဂါ အလေးထားစောင့်ကြပ်ကြည့်ရှု**

သဘာဝဘေးနှင့် ကြုံကြိုက်နေစဉ်ကာလတွင် အထူးသတိပြုရမည့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်တစ်ခုမှာ ဝမ်းလျှောဝမ်းပျက်ရောဂါ မကျရောက်စေရေးပင်ဖြစ်သည်။ ရခိုင်ပြည်နယ် အနေအထားသည် အချို့ကျေးရွာများ၌ မိုးရေလှောင်ကန်၊ ရေစုမြေသားကန်များကို အားထားသုံးစွဲနေရသည်။ သန့်ရှင်းသောသောက်သုံးရေမရပါက ဝမ်းလျှောဝမ်းပျက်ရောဂါနှင့် အခြားရောဂါများပါ ရရှိနိုင်သည်ကို သတိပြုရပေမည်။ သည့်အတွက်လည်း နိုင်ငံတော်အကြီးအကဲက မေ ၁၅ ရက် စစ်တွေခရီးစဉ်၌ "ရေတွင်းရေကန်များ သန့်ရှင်းမှုရှိစေရေး၊ ရေသန့်ဆေးများ လိုက်လံခတ်ပေးရန်နှင့် ရေတွင်းရေကန်ပတ်ဝန်းကျင်များ သန့်ရှင်းစေရေး၊ ရေဆိုးရေညစ် အညစ်အကြေးများကို အမြန်ရှင်းလင်းရန်" လမ်းညွှန်မှာကြားခဲ့ခြင်းဖြစ်သည်။

မိုခါမုန်တိုင်းကျရောက်ပြီး ရက်အနည်းငယ်အကြာ မေ ၁၉ ရက်တွင် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဝမ်းလျှောဝမ်းပျက်လူနာ နှစ်ဦး၊ မြို့နယ်ပြင်ပ ကျေးလက်ကျန်းမာရေးဌာနများ၌ ခုနစ်ဦး၊ ပေါက်တောပြည်သူ့ဆေးရုံတွင် တစ်ဦး၊ မင်းပြားပြည်သူ့ဆေးရုံတွင် တစ်ဦးနှင့် ကျေးလက်ကျန်းမာရေးဌာနများ၌ ၂၄ ဦး၊ မာန်အောင်မြို့နယ်ကျေးလက်ကျန်းမာရေးဌာနများ၌ ခြောက်ဦး၊ စုစုပေါင်း ၄၁ ဦး ဖြစ်ပွားခဲ့သည်။ သို့ဖြစ်၍ အဆိုပါနေ့ရက်များမှစတင်ကာ မင်းပြားမြို့နယ်ကို အထူးအာရုံစိုက်၍ စောင့်ကြည့်ကုသပေးခဲ့သည်။ ကျန်မြို့နယ်များတွင် အနည်းငယ်တွေ့ရှိခဲ့ရသော်လည်း ပြင်ပလူနာအနေဖြင့်သာ လာရောက်ပြသကုသမှုခံယူကာ ကောင်းမွန်သွားကြောင်း သိရသည်။ သို့ဖြစ်၍ ပြီးခဲ့သည့် ဇွန် ၃ ရက်တွင် မြို့နယ်အသီးသီး၌ ဝမ်းလျှောဝမ်းပျက် ရောဂါတွေ့ရှိရသူ ၁၀ ဦးသာ ရှိပါတော့သည်။ စစ်တွေတွင် ခြောက်ဦး၊ ရသေ့တောင် နှစ်ဦး၊ ပေါက်တော တစ်ဦး၊ ဘူးသီးတောင် တစ်ဦးတို့သည် အတွင်းလူနာငါးဦး၊ ပြင်ပလူနာငါးဦးအဖြစ် လာရောက်ကုသမှု ခံယူကြကြောင်း သိရသည်။ ရခိုင်ပြည်နယ် မုန်တိုင်းသင့်ဒေသများ၌ ဝမ်းလျှောဝမ်းပျက်ရောဂါ အပါအဝင် ကပ်ရောဂါအမျိုးမျိုးမဖြစ်ပွားအောင် ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၏ စေတနာထား ကြိုးပမ်းဆောင်ရွက်မှုများဖြင့် ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရသည်။ အခြားရောဂါများဖြင့် တက်ရောက်ကုသမှု အခြေအနေကို ဆန်းစစ်လေ့လာကြည့်သောအခါ ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၇ မြို့နယ်၌ ပြည်သူ့ဆေးရုံကြီးငယ် ၁၇ ရုံ၊ တိုက်နယ်ဆေးရုံ ၄၂ ရုံ၊ စုစုပေါင်း ၅၉ ရုံတို့တွင် ၁၆-၅-၂၀၂၃ ရက်နေ့မှ ၃-၆-၂၀၂၃ ရက်နေ့အထိ လာရောက်ကုသမှုခံယူကြသော ပြင်ပလူနာ ၁၀၆၁၀၊ အတွင်းလူနာ ၂၀၂၀၉ ဦး ရှိခဲ့ပြီး ကျေးလက်ကျန်းမာရေးဌာနများသို့ လာရောက်ပြသသူ ၅၁၃၃၇ ဦး ရှိခဲ့သည်။ ရေသန့်ဆေးခတ်ပေးမှု ၃၉၈၅ ကြိမ်၊ ကျန်းမာရေးအသိပညာပေးဟောပြောမှု ၆၁၇၆ ကြိမ် ပြုလုပ်ပေးနိုင်ခဲ့သည်။

**ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှု**

ဇွန် ၁ ရက်၌ ကျောင်းများ ပြန်လည်ဖွင့်လှစ်လိုက်သောအခါ စစ်တွေမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် ကျန်းမာရေးဝန်ထမ်းများကို တွေ့ရသည်။ ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ကျောင်းသားကျောင်းသူလေးများအားကျန်းမာရေး ပညာပေးဟောပြောခြင်း၊ ဆေးစစ်ခြင်း၊ ကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ကျန်မြို့နယ်များတွင်လည်း အလားတူ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မိုခါမုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ စွမ်းဆောင်မှုများကို ဒေသခံ ပြည်သူများက ကျေးဇူးတင်အသိအမှတ်ပြုကြသည်။ ဂုဏ်ယူပါသည် ကျန်းမာရေးဝန်ကြီးဌာန...။ ။

# ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲ စေတုတ္တရာမြို့နယ်၌ ကျင်းပ



**စေတုတ္တရာ ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် မုန်းတမံ လေးမိုင်လမ်းခွဲမှ တစ်မိုင် ခုနစ်ဖာလုံအနီး လမ်းဘေး၌ ဇွန် ၁၁ ရက်က မိုးရာသီသစ်ပင်စိုက်ပွဲ ကျင်းပသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပွဲကို သစ်တောဦးစီးဌာနက ဦးဆောင်ကျင်းပခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

အခမ်းအနားတွင် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မင်းစိုးဦးဆောင်၍ ဝန်ထမ်းများက ပျိုးပင်များ ဖြန့်ဝေပေးပြီး အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း ၇၀၀၊ ကုက္ကို ၁၀၀၊ တမာ ၃၀၀ ၊ မဲဇလီ ၁၅၀ စုစုပေါင်းပျိုးပင် ၁၂၅၀ စိုက်ပျိုးခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ဥပဒေဘောင်အတွင်း လက်နက် / ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ PDF အဖွဲ့ဝင်များအား ဆုကြေးငွေများနှင့် ထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။



ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ဖိတ်ခေါ်လျက်ရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနယ်မြေများအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူများနှင့် ပြန်လည်အလင်းဝင်လာသည့် PDF အဖွဲ့များနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းမှ PDF အဖွဲ့ဝင်အမျိုးသား သုံးဦးသည် ၎င်းနှင့် အတူပါလာသော လက်ပစ်ဗုံး တစ်လုံးကို တာဝန်ရှိသူများထံအပ်နှံရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဆုကြေးငွေအဖြစ် ပေးအပ်သည့် လက်ပစ်ဗုံး တစ်လုံးအတွက် ဆုကြေးငွေနှင့် တာဝန်ရှိသူများက ပေးအပ်သည့် ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်/ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြ သီဆိုဖျော်ဖြေ

**နေပြည်တော် ဇွန် ၁၁**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့် ဒေသများ၌ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ ညနေပိုင်းတွင် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ နယ်မြေခံ တပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲမှ စစ်သည်/ စစ်သမီးများက အဆို/ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်/ စစ်သမီးများက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို/ အကများ၊ တေးသရုပ်ဖော် အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေး အစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်နယ်ရှိ အရာရှိ/ စစ်သည်/ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

ထိုကဲ့သို့ သီဆိုကပြဖျော်ဖြေသော စစ်သည်/ စစ်သမီးများအား တပ်နယ်မှ တာဝန်ရှိသူတို့က ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုခါမုန်တိုင်းဒဏ်သင့်ဒေသများသို့ အလှူငွေနှင့် လူသုံးကုန်ပစ္စည်းများလှူဒါန်း

**ရန်ကုန် ဇွန် ၁၁**

မိုခါမုန်တိုင်းဒဏ်သင့်ခဲ့သည့် ရခိုင်ပြည်နယ်အပါအဝင် ဘေးသင့်ဒေသများသို့ မိုခါမုန်တိုင်းကြောင့် ဖြစ်ပေါ်လာသော ထိခိုက်မှုများအား ကူညီပံ့ပိုးပေးနိုင်ရေးအတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ကြွေကြွေဇင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြတ်သီတာမြင့်နှင့် အဖွဲ့ဝင်များက ငွေကျပ် ၁၆၇ သိန်းနှင့် အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ ကလေးအာဟာရမှုန့်များ၊ သွားတိုက်ဆေး၊ သွားတိုက်တံများ၊ T – Shirt များ၊ စားသုံးဆီတို့ကို ဇွန် ၁၀ ရက်က လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/ စက်မှုအသင်းချုပ်သို့ လာရောက်လှူဒါန်းရာ UMFCCI Task Force အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က လက်ခံရယူသည်။

ကုန်သည်/စက်မှုအသင်းချုပ်သည် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ မိုခါမုန်တိုင်းဒဏ်သင့်ခဲ့သော အဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများအတွက် အမိုးအကာများ လုံလောက်စွာ ထောက်ပံ့ပေးပို့နိုင်ရေး၊ ဘေးသင့်ပြည်သူများအတွက် အစားအသောက်များ၊ ဆေးဝါးများ၊ အဝတ်အထည်များ၊ အလှူငွေများ လှူဒါန်းပေးနိုင်ရေးကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်၍ လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသူရ**

## မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် နှစ်(၇၀) ပြည့်အထိမ်းအမှတ် ရိုးရာခြင်းလုံး အလှခတ်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၁**

မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ နှစ်(၇၀) ပြည့် အထိမ်းအမှတ် ရိုးရာခြင်းလုံးအလှခတ်ပွဲကို ရန်ကုန်မြို့ သာကေတမြို့နယ် ၃/ရန်ပြေခြင်းလုံးအားကစားရုံ၌ ဇွန် ၁၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရိုးရာခြင်းလုံး အဖွဲ့ချုပ်နာယကဦးစိုးတင့်က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင့်က အဖွဲ့ချုပ်၏ လုပ်ငန်းအစီအစဉ်များ၊ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

"ခြင်းလုံးခတ်ကစားတာကို အားကစားတစ်ခု အနေနဲ့ စတင်ဆောင်ရွက်ခဲ့တာက ၁၉၅၃ ခုနှစ် အဖွဲ့ချုပ် စတင်တည်ထောင်ခဲ့တဲ့ အချိန်ဖြစ်လို့ အဲဒီနှစ်ကို အထိမ်းအမှတ်အနေနဲ့သတ်မှတ်ပြီး အခုလို ဂုဏ်ယူစွာ ကျင်းပတာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် ခြင်းရုံတွေ ရပ်နားခဲ့တာကြာပြီဖြစ်လို့ ဒီပွဲလေးကို စီစဉ်လိုက်ခြင်းအားဖြင့် ခြင်းဝါသနာရှင်တွေလည်း ခတ်ကစားလို့ရအောင်၊ ကြည့်ရှုလို့ရအောင် စီစဉ်ကျင်းပတာ ဖြစ်ပါတယ်။ (၇၅) နှစ်၊ နှစ် (၈၀) ပြည့် စသဖြင့် ငါးနှစ်တစ်ကြိမ်လောက်တော့ ဒီလိုအထိမ်းအမှတ်ပွဲတွေ ကျင်းပသွားဖို့ ရှိပါတယ်" ဟု အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌက ပြောသည်။

ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်နှင့် တာဝန်ရှိသူများက အသက် ၇၅ နှစ်အထက် ခြင်းလုံးအားကစားသမားများအား ဂါရဝပြု လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကာ သာကေတမြို့နယ် (၃) ရပ်ကွက် ရန်ပြေခြင်းလုံးအားကစားရုံ တာဝန်ရှိသူကိုယ်စား ဦးတင်မောင်ရီက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ရိုးရာခြင်းလုံး အလှခတ်မှုများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

မြန်မာနိုင်ငံရိုးရာ ခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် ခြင်းလုံးလောက တိုးတက်စေရန် ပြိုင်ပွဲများ ကျင်းပသွားရန် စီစဉ်နေပြီး ဒိုင်နှင့် နည်းပြသင်တန်းများလည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မိုးရာသီ အဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ကျင်းပသွားရန်လည်း စီစဉ်နေကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်းဖြင့် ရွှေတံဆိပ်လေးခု ဆွတ်ခူးနိုင်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ဆွတ်ခူးနိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အားကာမောင်**

## စကိုင်းနက်ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ထိုးသတ်

**ရန်ကုန် ဇွန် ၁၁**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး ရွှေသံလွင်မီဒီယာက စီစဉ်သည့် စကိုင်းနက်ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလက်ဝှေ့ အားကစားရုံ၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲ၌ ၆၀ ကီလိုတန်း ပြိုင်ပွဲများတွင် ကျောက်ခဲ (ရာမညအားမာန်) ၏ ဘယ်ညာလက်သီးတွဲလုံးများ ကြောင့် စောမူထော်ဂေး (YMA) မျက်နှာထိမိကာ ပထမအချီ ၁၈ စက္ကန့်မှာ အနားတောင်းပြီး ဆက်လက်မယှဉ်နိုင်၍ ကျောက်ခဲအနိုင်ရရှိသွားသည်။ သန့်ဇင် (တော်ဝင်ရော) နှင့် ကျော်ရဲမင်း (အဲကညော) တို့ပွဲစဉ်တွင် နှစ်ဦးစလုံး လက်သီးထိုးချက်များ ဖွင့်ထိုးခဲ့ပြီး ငါးချီပြည့်ခဲ့သော်လည်း အမှတ်ပေးဒိုင်သုံးဦးက သန့်ဇင်ကို အနိုင်ပေးလိုက်သည်။ ၆၃ ဒသမ ၅ ကီလိုတန်းတွင် လုံးတူရွှယ်တူဗျူဂ္ဂ (ကျားဖြူ) နှင့် စိန်လုံးချော (အောင်နိုင်သူ) တို့သူတင်ကိုယ်တင်အမှားမခံဘဲ ထိုးကြကာ အရှုံးအနိုင်မပေါ်ဘဲ ဒိုင်သုံးဦးက စိန်လုံးချောကို အနိုင်ပေးလိုက်သည်။ နောက်တစ်ပွဲဖြစ်သည့် ဝီလျံ (ဒို့ရိုးရာ) နှင့် အောင်ဇော်ဟိန်း (ရွှေကုက္ကို) တို့ပြိုင်ပွဲတွင် နှစ်ဦးစလုံး ထိုးလုံးထိုးပေါက်ကောင်းခဲ့ကာ ဒိုင်သုံးဦးက ဝီလျံကို အနိုင်ပေးလိုက်သည်။

ဆက်လက်၍ ၆၇ ကီလိုတန်းတွင် ကညောခွား (ဘိလပ်မြေစက်ရုံ) နှင့် ထက်နိုင်အောင် (ပင) တို့ ပြိုင်ပွဲတွင် ပထမအချီ၌ သူတစ်ပြန် ကိုယ်တစ်ပြန် ပညာကုန်ထုတ်ယှဉ်ပြိုင် ထိုးသတ်ကြပြီး ဒုတိယအချီ ၁ မိနစ်တွင် ထက်နိုင်အောင်၏ လက်သီးကြောင့် ကညောခွား အနားတောင်းခဲ့ပြီး ကျန် နှစ်မိနစ် ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။ တတိယအချီ၌ သူတင်ကိုယ်တင် ထိုးကြရာ ထက်နိုင်အောင် လက်သီး၊ ခြေကန်ချက်ကြောင့် တတိယအချီ ၁ မိနစ် ၁၆ စက္ကန့်တွင် ကညောခွားကို အလဲထိုးနိုင်ခဲ့သည်။

ယနေ့ ယှဉ်ပြိုင်သည့် ပွဲစဉ်များကို သုံးမိနစ်ထိုး နှစ်မိနစ်နား ငါးချီစနစ်ဖြင့် ယှဉ်ပြိုင် ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး အနိုင်ရရှိသူများမှာ နောက်တစ်ဆင့်သို့ တက်ရောက်သွားကြောင်း၊ ဇွန် ၁၈ ရက် စနေ့တွင် ဗိုလ်လုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာလင်း**

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

## နိုင်ငံတကာသတင်း

## ပါကစ္စတန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် ၂၇ ဦးထက်မနည်းသေဆုံး

**အစ္စလာမ္မာဘတ် ဇွန် ၁၁**

ပါကစ္စတန် အနောက်မြောက်ပိုင်းဒေသများ၌ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းကြောင့် လူ ၂၇ ဦး ထက်မနည်းသေဆုံးပြီး အခြားလူ ၁၄၆ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။



ခိုင်ဘာပတ်ခွန်ခွာပြည်နယ်တွင် အိုးအိမ်အပျက်အစီး အပိုင်းအစများကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။

ခိုင်ဘာပတ်ခွန်ခွာပြည်နယ်ရှိ ခရိုင်အချို့တွင် ဇွန် ၁၀ ရက် မွန်းလွဲပိုင်းက ရာသီဥတုဆိုးရွားခဲ့ကြောင်း သိရသည်။ အိုးအိမ် ၆၉ လုံး ပျက်စီးခဲ့ပြီး သေဆုံးသူအများစုမှာ ခေါင်မိုးများနှင့် နံရံများ ပြိုကျခြင်းကြောင့်ဖြစ်သည်ဟု အာဏာပိုင်များက ပြောသည်။ သေဆုံးသူများထဲတွင် ကလေးရှစ်ဦး ပါဝင်ခဲ့သည်။ အဆိုပါဒေသများရှိ အဆောက်အအုံ အများအပြားမှာ အုတ်နှင့် ရွှံ့များကဲ့သို့သော ပစ္စည်းများဖြင့် ဆောက်လုပ်ခဲ့သည့်အတွက် ပျက်စီးမှုများပြားခြင်းဖြစ်သည်ဟု အာဏာပိုင်များက ပြောကြားသည်။ ပါကစ္စတန်နိုင်ငံသည် ပြီးခဲ့သည့်နှစ် ဇွန်လမှစကာ ဆိုးရွားသည့် ရေကြီးမှုဒဏ်ကို ခံစားခဲ့ရကြောင်း အဆိုပါ ရေကြီးမှုကြောင့် လူ ၁၇၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။ မိုးရာသီအတွင်း ပြည်သူများ သတိရှိစွာ နေထိုင်ကြရန် မိုးလေဝသ အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုး၌ ပြင်းအား ၆ ဒသမ ၂ အဆင့်ရှိ ငလျင်လှုပ်

**တိုကျို ဇွန် ၁၁**

ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးကျွန်း၌ ပြင်းအား ၆ ဒသမ ၂ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း သိရသည်။ ဆူနာမီခြိမ်းခြောက်မှု အန္တရာယ်မရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

ငလျင်မှာ ဇွန် ၁၁ ရက် ညနေ ၆ နာရီ ၅၄ မိနစ် ဝန်းကျင်က အုရခါဝါကမ်းလွန်မှ အနက် ၁၃၆ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း မိုးလေဝသအေဂျင်စီက ပြောသည်။ **အင်န်အိတ်ချ်ကေ**

## ကာဇက်စတန်နိုင်ငံ အရှေ့ပိုင်း၌ တောမီးကြောင့် သုံးဦးထက်မနည်း သေဆုံး

**အက်စ်တာနာ ဇွန် ၁၁**

ကာဇက်စတန်နိုင်ငံ အရှေ့ပိုင်း အာဘိုင်ဒေသ၌ တောမီးလောင်မှုကြောင့် သုံးဦး သေဆုံးပြီး ၁၁ဦးဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံမီဒီယာများတွင် ဖော်ပြသည်။ မီးငြိမ်းသတ်ရေး၊ ကယ်ဆယ်ရေးနှင့် ရှာဖွေရေး လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် မီးသတ်သမား ၈၀၀ ကျော် ပါဝင်လုပ်ဆောင်လျက်ရှိသည်။

ဒေသခံ ၇၀၀ ဝန်းကျင်ကိုလည်း ဘေးလွတ်ရာသို့ ပို့ဆောင်ပေးထားကြောင်း သိရသည်။ အပူချိန်မြင့်မားပြီး မီးလောင်မှု ဧရိယာကျယ်ပြန့်ခြင်းနှင့် လေပြင်းများ တိုက်ခိုက်ခြင်းတို့ရှိသော်လည်း တောမီးလောင်မှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည်ဟု ကာဇက်စတန် အရေးပေါ်အခြေအနေများဆိုင်ရာ ဝန်ကြီးဌာန မီးသတ်ကော်မတီဥက္ကဋ္ဌဖြစ်သူ နူဘော့လတ်ဒါဗစ်ဆော့ဗ် က ပြောသည်။ မိုးကြိုးပစ်ခတ်မှု နှစ်ကြိမ် ဖြစ်ပွားခဲ့ပြီးနောက် တောမီးလောင်ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။ **ဆင်ဟွာ**



## ယူနက်စ်ကိုအဖွဲ့သို့ ပြန်လည်ဝင်ရောက်ရန် အမေရိကန် ကြေညာဖွယ်ရှိ

**ဂျီနီဗာ ဇွန် ၁၁**

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စ်ကို) အဖွဲ့သို့ အမေရိကန် ပြန်လည် ဝင်ရောက်လာမည်ဟု ယုံကြည်ဖွယ်ရှိသည့် သတင်းအရင်းအမြစ်များက အင်န်အိတ်ချ်ကေသို့ ပြောသည်။ အမေရိကန်သည် လွန်ခဲ့သည့်ငါးနှစ်က အဆိုပါအဖွဲ့အစည်းမှ နုတ်ထွက်ခဲ့သည်။ အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့် လက်ထက်က ယူနက်စ်ကိုအဖွဲ့ကြီးသည် အစ္စရေးနိုင်ငံကို ဆန့်ကျင်၍ ဘက်လိုက်သည်ဟုဆိုကာ ယင်းအဖွဲ့မှ နုတ်ထွက်ခဲ့သည်။

ယင်းအချိန်က သမ္မတဟောင်းထရမ့် အစိုးရအဖွဲ့သည် အစ္စရေးကို ထောက်ခံသည့်ဘက်မှ ရပ်တည်ပြခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ယူနက်စ်ကိုမှ တရားဝင် နုတ်ထွက်ခဲ့သည်။ ယခုအခါ ယူနက်စ်ကိုအဖွဲ့သို့ ပြန်လည်ဝင်ရောက်ရန်အတွက် ဇွန် ၈ ရက်တွင် အကြောင်းကြားစာ ပေးပို့ထားကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အင်န်အိတ်ချ်ကေသို့ ပြောသည်။

အမေရိကန်၏ ဆုံးဖြတ်ချက်ကို အသိပေးအကြောင်းကြားရန်အတွက် ပါရီမြို့ရှိ ယူနက်စ်ကို ဌာနချုပ်တွင် သံတမန်များအစည်းအဝေး ပြုလုပ်သွားမည်ဟု ယူနက်စ်ကို သတင်းရင်းမြစ်များက ပြောသည်။ ယူနက်စ်ကိုအတွင်းရေးမှူးရုံးသည် ပုံမှန်အားဖြင့် အစည်းအဝေးမပြုလုပ်မီ အစည်းအဝေးပါ အကြောင်းအရာများကို ကြိုတင်အကြောင်းကြားလေ့ရှိသော်လည်း ယခုတစ်ကြိမ်တွင်မူ ယင်းသို့ပြုလုပ်ခဲ့ခြင်းမရှိဟု သတင်းအရင်းအမြစ်များက ပြောသည်။ အမေရိကန်သမ္မတဂျိုးဘိုင်ဒင် အစိုးရအဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကို အလေးထားသည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာကမ်းခြေနှင့် ငပလီကမ်းခြေများသို့ အပန်းဖြေခရီးသွားရောက်

**နေပြည်တော်  ဇွန်  ၁၁**

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များအား အနားယူ အပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေနှင့် ရခိုင်ပြည်နယ် ငပလီကမ်းခြေများသို့ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ တစ်ဆင့် တပ်မတော် လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ရောက်ရှိလာသော အရာရှိစစ်သည်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး ချောင်းသာအပန်းဖြေ ဧည့်ရိပ်သာတွင် တည်းခိုနေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးပြီး ဒေသထွက်စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။

အလားတူ ရခိုင်ပြည်နယ် ငပလီကမ်းခြေသို့ ရောက်ရှိလာသော အရာရှိ၊ စစ်သည်များအား အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြပြီး **(ယာပုံ)** ငပလီမြို့အပန်းဖြေစခန်း (လင်းသာ) တွင် တည်းခိုနေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးပြီး ဒေသထွက်လက်ဆောင် ပစ္စည်းများဖြင့် တည်ခင်းဧည့်ခံသည်။ **သတင်းစဉ်**



## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်ယန္တရားများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော်  ဇွန်  ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၇ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုးညှင်းမြို့ ပင်လုံကျေးရွာအနီး၌ ပိုင်ရှင်မဲ့ Sany ဘက်ဟိုးယန္တရား နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ Sinomach ဘက်ဟိုးယန္တရား တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း၊ Matador ဘက်ဟိုးယန္တရား နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ Hitachi ဘက်ဟိုးယန္တရား နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ Doosan ဘက်ဟိုးယန္တရား လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ Hyundai ဘက်ဟိုးယန္တရား နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ Zoommlion ဘက်ဟိုးယန္တရား တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀,၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။





ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ ဇွန် ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် M150 Energy Drink ပုလင်း ၁၀၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Ready Gasoline Generator Set ၇၃ ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၉၉၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၁၉၉၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်ခရိုင် တရားမဝင်ကုန်စည် တားဆီးထိန်းချုပ်ရေးအဖွဲ့က မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော်လမ်းဘေးတစ်နေရာတွင် စုပုံထားသော ကုန်ပစ္စည်းများအား တွေ့ရှိသဖြင့် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ High Voltage Transformer 220V ၂၅ ခု အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၆၉၄၈၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၁၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပဲခူးခရိုင်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်သစ် ၀ ဒသမ ၄၂၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၄၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၇ ရက်၊ ၉ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၆ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၂၀၉၇၈၈၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော်  ဇွန်  ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အင်းသာရပ်ကွက်နေ မြင့်မြင့်အေးသည် ၎င်းအသုံးပြုသည့် “Myint Myint Aye” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်နေ စောဂေးဒိုစိုးသည် ၎င်းအသုံးပြုသည့် “Gay Doh Soe” Facebook အကောင့်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် အမှတ်(၃)ရပ်ကွက်နေ ခင်ဇော်သည် ၎င်းအသုံးပြုသည့် “Khin Zaw” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော်  ဇွန်  ၁၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**

# ၂၀၂၃ ခုနှစ် တူကီယဲ (ယခင်တူရကီ) သမ္မတနိုင်ငံ ဒုတိယအကျော့ သမ္မတရွေးကောက်ပွဲ


*မယ်ငီး*

**၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော တူကီယဲသမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်း သုံးဦးအနက် မည်သူမျှ ထောက်ခံဆန္ဒမဲ ၅၀ ရာခိုင်နှုန်းထက် ကျော်လွန်ရရှိခြင်းမရှိသည့်အတွက် ဆန္ဒမဲအများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းနှစ်ဦးဖြစ်သော လက်ရှိသမ္မတ Erdoğan နှင့် ၎င်း၏ အဓိကပြိုင်ဘက် Kemal Kilicdaroglu တို့သည် ၂၈-၅-၂၀၂၃ ရက်နေ့ တနင်္ဂနွေနေ့တွင် ဒုတိယအကျော့ရွေးကောက်ပွဲကို ထပ်မံယှဉ်ပြိုင်ခဲ့ကြသည်။**

လက်ရှိသမ္မတ Recep Tayyip Erdoğan က ၅၂ ဒသမ ၂ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ပြီး ၎င်း၏ ပြိုင်ဘက် Kemal Kilicdaroglu က ၄၇ ဒသမ ၈ ရာခိုင်နှုန်းရရှိခဲ့သည်။ ရွေးကောက်ပွဲပြီးနောက် ပြောကြားသည့်မိန့်ခွန်းတွင် ယခုရွေးကောက်ပွဲသည် ၈၅ သန်းသော ပြည်သူများအနိုင်ရရှိသည့် ပွဲဖြစ်ကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်မျှ ရှုံးနိမ့်ခြင်းမရှိကြောင်း သမ္မတ အာဒိုဂန်က ပြောကြားခဲ့သည်။

မဲပေးပိုင်ခွင့်ရှိသူ ၆၄ သန်းကျော်အနက် ပထမအကျော့ရွေးကောက်ပွဲတွင် လာရောက်မဲပေးသူ ရာခိုင်နှုန်း ၈၈ ဒသမ ၈၄ ရာခိုင်နှုန်းရှိခဲ့ပြီး ဒုတိယအကျော့ ရွေးကောက်ပွဲတွင်မူ မဲပေးသူရာခိုင်နှုန်း ၈၄ ဒသမ ၂၂ ရာခိုင်နှုန်းသာ ရှိခဲ့ရာ ၄ ဒသမ ၆၂ ရာနိုင်နှုန်း လျော့ကျခဲ့သည်။

အနိုင်ရရှိခဲ့သည့်သမ္မတ Erdoğn အား မဲဆန္ဒရှင် ၂၇ ဒသမ ၇၃ သန်းတို့က ရွေးချယ်ခဲ့ကြပြီး Kilicd-aroglu ကိုမူ မဲဆန္ဒရှင် ၂၅ ဒသမ ၄၃ သန်းတို့က ရွေးချယ်ခဲ့ကြခြင်း ဖြစ်သည်။




သမ္မတသက်တမ်း ငါးနှစ် ထပ်မံထမ်းဆောင်ခွင့်ရရှိခဲ့သည့် ရီဆပ် တေးယစ် အာဒိုဂန်။

## ပြည်တွင်းရွေးကောက်ပွဲရလဒ်

အာဒိုဂန်သည် စီရင်စု ၈၁ ခုအနက် ၅၂ ခုတွင် အနိုင်ရရှိခဲ့ပြီး ပထမအကျော့ ရွေးကောက်ပွဲ၌မူ စီရင်စု ၅၁ ခုတွင်သာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

Kilicdaroglu သည် ပထမအကျော့ ရွေးကောက်ပွဲမှာကဲ့သို့ပင် တူကီယဲနိုင်ငံ၏ အကြီးဆုံးမြို့ အစ္စတန်ဘူလ်မြို့နှင့် မြို့တော် အန်ကာရာ (Ankara) တို့တွင် ဆက်လက်အနိုင်ရရှိခဲ့သည်။

ပြည်တွင်းမဲပေးသူရာခိုင်နှုန်း ၈၅ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ပြီး ပထမအကျော့ထက် ၃ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။

## နိုင်ငံပြင်ပရွေးကောက်ပွဲရလဒ်

နိုင်ငံရပ်ခြားရောက်ရှိနေသည့် မဲပေးပိုင်ခွင့်ရှိသူ တူကီယဲနိုင်ငံသား ၃ ဒသမ ၄ သန်းရှိရာ ယင်းတို့အနက် မဲဆန္ဒရှင် ၁ ဒသမ ၇ သန်းတို့က မေလ ၂၀ ရက်မှ ၂၄ ရက်နေ့အတွင်း ကျင်းပပြုလုပ်သည့် ဒုတိယအကျော့ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခဲ့ကြသည်။

သမ္မတအာဒိုဂန်က ၅၉ ဒသမ ၄ ရာခိုင်နှုန်း၊ Kilicdaroglu က ၄၀ ဒသမ ၆ ရာခိုင်နှုန်း ထောက်ခံဆန္ဒမဲများ ရရှိခဲ့ကြသည်။

ရွေးကောက်ပွဲရလဒ်များအရ ဂျာမနီ၊ ပြင်သစ်နှင့် နယ်သာလန်နိုင်ငံ၊ အရှေ့အလယ်ပိုင်း တစ်လျှောက်နှင့် မြောက်အာဖရိကနိုင်ငံများ၌ နေထိုင်ကြသော တူကီယဲနိုင်ငံသားများသည် သမ္မတ အာဒိုဂန်အား တစ်ခဲနက် ဆန္ဒမဲပေးခဲ့ကြသည်ကို တွေ့ရသည်။ ဂျာမနီနိုင်ငံ၌ ၆၇ ရာခိုင်နှုန်း၊ လက်ဘနွန်နိုင်ငံ၌ ၉၅ ရာခိုင်နှုန်း၊ ဂျော်ဒန်နိုင်ငံ၌ ၉၀ ရာခိုင်နှုန်းနှင့် အီဂျစ်နိုင်ငံ၌ ၇၈ ရာခိုင်နှုန်းဖြင့် နိုင်ငံပြင်ပ မဲဆန္ဒရှင်အများအပြား၏ ထောက်ခံဆန္ဒမဲများရရှိခဲ့သည်။

ဥရောပဒေသအများစုနှင့် မြောက်အမေရိက နိုင်ငံများ၌မူ Kilicdaroglu မဲအသာရရှိခဲ့ပြီး အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဗြိတိန်နှင့် ဥရောပအရှေ့ပိုင်းနှင့် တောင်ပိုင်းအများစု၌ ၈၀ ရာခိုင်နှုန်းကျော်အထိ ထောက်ခံဆန္ဒမဲရရှိခဲ့သည်။

တူကီယဲနိုင်ငံသည် ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသများဆုံရာအရပ်တွင် တည်ရှိနေသည့်နိုင်ငံဖြစ်ပြီး နေတိုးအဖွဲ့၏ အာဏာဆုံလည်မှတ်အဖြစ် မှတ်ယူနိုင်ပေရာ တူယီကဲသမ္မတ ရွေးကောက်ပွဲသည် ယနေ့ကမ္ဘာတွင် အထူးဂရုပြုစောင့်ကြည့်ရမည့် နိုင်ငံရေးအားပြိုင်ပွဲတစ်ခု ဖြစ်ခဲ့သည်။

သမ္မတသက်တမ်း ငါးနှစ် ထပ်မံထမ်းဆောင်ခွင့်ရရှိခဲ့သည့် သမ္မတ Erdoğan အနေဖြင့် ၈၅ သန်းကျော်သော တူကီယဲပြည်သူ ပြည်သားများအတွက် အနာဂတ်ဒီမိုကရေစီနိုင်ငံသို့ ဆောင်ကြဉ်းပေးသွားမည့် ဩဇာအာဏာအရှိဆုံး ပုဂ္ဂိုလ်ဖြစ်ရုံသာမက ဒေသတွင်းနိုင်ငံရေး အခြေအနေ အဆိုးအကောင်းကို ပုံဖော်ပေးနိုင်မည့်သူလည်း ဖြစ်ပေသည်။

ကမ္ဘာ့ဂျုံထုတ်လုပ်မှုအများဆုံး နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည့် ယူကရိန်းနိုင်ငံသည် ရုရှားနိုင်ငံနှင့် စစ်ဖြစ်ပွားပြီးနောက် ဂျုံတင်ပို့မှုများ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ပင်လယ်နက်ဆိပ်ကမ်း၌ ပိတ်ဆို့ခံခဲ့ရသည်။ ထိုသို့သော အခြေအနေတွင် တစ်ကမ္ဘာလုံး စားနပ်ရိက္ခာအကျပ်အတည်း သက်သာစေရန်အတွက် တူကီယဲနိုင်ငံသည် ကုလသမဂ္ဂနှင့် ပူးပေါင်း၍ ပင်လယ်နက်ဂျုံသဘောတူစာချုပ် (BSGI) ချုပ်ဆိုနိုင်ရေး အရေးပါသည့် အခန်းကဏ္ဍ၌ ဆောင်ရွက်လျက်ရှိရာ Erdoğan သဘောထားသည် နိုင်ငံတကာအရေးတွင် တိုက်ရိုက်သက်ရောက်လျက်ရှိပေသည်။ ထို့ပြင် သမ္မတ Erdoğan သည် နေတိုးအဖွဲ့ဝင်ခေါင်းဆောင်များအနက် ရုရှားသမ္မတ ပူတင်နှင့် ကောင်းမွန်သောဆက်ဆံရေး တည်ဆောက်ထားနိုင်သည့် ထူးခြားသည့် ခေါင်းဆောင်တစ်ဦးပင် ဖြစ်သည်။

## ရီဆပ် တေးယစ် အာဒိုဂန် (Recep Tayyip Erdoğan)

သမ္မတ အာဒိုဂန်ကို ၁၉၅၄ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် မွေးဖွားခဲ့သည်။ အလယ်အလတ်တန်းမိသားစု၌ ကြီးပြင်းခဲ့ပြီး Marmara တက္ကသိုလ်၌ စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်ကို လေ့လာပညာသင်ကြားခဲ့သည်။ ၁၉၇၀ အစောပိုင်းတွင် နိုင်ငံရေးလောကသို့ စတင်ဝင်ရောက်ခဲ့ပြီး အစ္စလာမ်နိုင်ငံရေးအဖွဲ့အစည်း အသီးသီး၌ ပါဝင်ခဲ့သည်။ အစ္စတန်ဘူလ် မြို့တော်ဝန်အဖြစ် ၁၉၉၄ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ခန့်အပ်ခံခဲ့ရပြီး မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများစွာ ဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ဘာသာရေး သွေးထိုးလှုံ့ဆော်သည့် ကဗျာရွတ်ဖတ်မှုနှင့် စပ်လျဉ်း၍ ထောင် ၁၀ လ ကျခံခဲ့ရသည်။ အစ္စတန်ဘူလ် မြို့တော်ဝန်အဖြစ်မှလည်း နုတ်ထွက်ခဲ့ရသည်။ သို့သော် ထောင်ဒဏ် လေးလကျခံပြီးနောက် ၁၉၉၉ ခုနှစ်တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။

## တရားမျှတရေးနှင့်တိုးတက်ရေးပါတီ (Justice and Development Party – AKP) တည်ထောင်ခြင်း

၂၀၀၁ ခုနှစ်တွင် တရားမျှတရေးနှင့် တိုးတက်ရေးပါတီ (AKP) ကို ပူးတွဲတည်ထောင်ခဲ့သည်။ ၂၀၀၂ ခုနှစ် ပါလီမန်ရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သည်။ သို့သော် ၁၉၉၈ ခုနှစ်တွင် ကျခံခဲ့ရသည့်ပြစ်မှုကြောင့် အာဒိုဂန်သည် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခွင့်မရရှိဘဲ ဥပဒေကြောင်းအရ အဟန့်အတားဖြစ်နေပေသည်။ ၂၀၀၂ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ခဲ့ပြီး အာဒိုဂန်အခက်အခဲအား ဖြေရှင်းပေးနိုင်ခဲ့သည်။ ၂၀၀၃ ခုနှစ် မတ်လ ကြားဖြတ်ရွေးကောက်ပွဲတွင် အာဒိုဂန်အနိုင်ရရှိခဲ့ပြီး ယင်းအချိန်က သမ္မတ Ahmet Necdet Sezer မှ အစိုးရသစ်ဖွဲ့ရန် ခွင့်ပြုပေးခဲ့သည်။ ၂၀၀၃ ခုနှစ် မေလ ၁၄ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

တရားမျှတမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (AKP) သည် ၂၀၀၂ ခုနှစ်၊ ၂၀၀၇ ခုနှစ်၊ ၂၀၁၁ ခုနှစ်၊ ၂၀၁၅ ခုနှစ်၊ ၂၀၁၈ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

## တူကီယဲဝန်ကြီးချုပ်၊ တူကီယဲသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခြင်း

၂၀၀၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ အစ္စလာမ်အခြေပြုမူဝါဒများ ချမှတ်နိုင်ခဲ့သည်။ ဝန်ကြီးချုပ် အာဒိုဂန် ဦးဆောင်မှုအောက်တွင် စီးပွားရေးသိသိသာသာ ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး ဒေသတွင်း အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

၂၀၁၄ ခုနှစ်အရောက်တွင်မူ တူကီယဲနိုင်ငံ၏ ပထမဆုံးသော တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်း နည်းလမ်းဖြင့် တင်မြှောက်ခံခဲ့ရသည့် ၁၂ ယောက်မြောက် သမ္မတဖြစ်လာခဲ့သည်။ ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲ၌လည်း အနိုင်ရရှိခဲ့သည်။ ယခုကျင်းပပြီးစီးခဲ့သည့် ၂၀၂၃ ခုနှစ် ရွေးကောက်ပွဲ၌ ဆက်လက်အနိုင်ရရှိခြင်းသည် သမ္မတ အာဒိုဂန်အား သက်တမ်း ၃ ဆက် တာဝန်ထမ်းဆောင်ရမည့် သမိုင်းမှတ်တိုင် စိုက်ထူစေခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*

- **တူကီယဲနိုင်ငံသည် ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသများဆုံရာအရပ်တွင် တည်ရှိနေသည့်နိုင်ငံဖြစ်ပြီး နေတိုးအဖွဲ့၏ အာဏာဆုံလည်မှတ်အဖြစ် မှတ်ယူနိုင်ပေရာ တူယီကဲသမ္မတရွေးကောက်ပွဲသည် ယနေ့ကမ္ဘာတွင် အထူးဂရုပြုစောင့်ကြည့်ရမည့် နိုင်ငံရေးအားပြိုင်ပွဲတစ်ခုဖြစ်ခဲ့**
- **သမ္မတ Erdoğan အနေဖြင့် ၈၅ သန်းကျော်သော တူကီယဲပြည်သူ ပြည်သားများအတွက် အနာဂတ်ဒီမိုကရေစီနိုင်ငံသို့ ဆောင်ကြဉ်းပေးသွားမည့် ဩဇာအာဏာအရှိဆုံး ပုဂ္ဂိုလ်ဖြစ်ရုံသာမက ဒေသတွင်းနိုင်ငံရေးအခြေအနေ အဆိုးအကောင်းကို ပုံဖော်ပေးနိုင်မည့်သူလည်းဖြစ်**

# တရုတ်လှတိုက်နယ်ဆေးရုံ၌ လူထုကျန်းမာရေးလုပ်သား သင်တန်းဖွင့်

**ဘားအံ ဇွန် ၁၁**

ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာ မရရှိသေးသော ဒေသများ၊ ကျေးရွာများတွင်ရှိသည့် ပြည်သူလူထုကို ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအားကောင်းလာစေပြီး လွှမ်းခြုံမှု မြင့်မားလာစေရေးအတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ လူထုကျန်းမာရေးလုပ်သားသင်တန်း အပတ်စဉ် (၂/၂၀၂၃) ကို ဇွန် ၉ ရက်က ဘားအံမြို့နယ် တရုတ်လှတိုက်နယ်ဆေးရုံ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဘားအံမြို့နယ်၌ ယခင်က ကျန်းမာရေးဝန်ထမ်းများနှင့် လက်တွဲလုပ်ကိုင်နေကြသည့် လူထုကျန်းမာရေးလုပ်သား ၁၇ ဦးသာ ရှိခဲ့ရာမှ ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးဖွင့်လှစ်သော လူထုကျန်းမာရေးလုပ်သား အပတ်စဉ်(၁/၂၀၂၃)တွင် ၁၈ ဦးနှင့် ယခုသင်တန်းအမှတ်စဉ် (၂/၂၀၂၃) တွင် သင်တန်းသား သင်တန်းသူ ၂၁ ဦး ထပ်မံမွေးထုတ်ပေးနိုင်မည် ဖြစ်သည့်အတွက် ကျေးရွာပေါင်း ၅၆ ရွာကျော်မှ ပြည်သူများအား ပိုမိုအားဖြည့်စောင့်ရှောက်မှုပေးနိုင်တော့မည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့်လည်း မိမိတို့ သင်ကြားလေ့လာရမည့် ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာများ၊ ဆရာ ဆရာမကြီးများ၏ မြေပြင်အတွေ့အကြုံများ၊ ကွင်းဆင်းလေ့လာခြင်းများ စသည်ဖြင့် ကျန်းမာရေး ပညာများကို ကျေကျေညက်ညက် လေ့လာသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လူထုကျန်းမာရေးလုပ်သား သင်တန်းစရိတ် ထောက်ပံ့ငွေကျပ် ၅၀၄၅၀၀၀ နှင့် လူထုကျန်းမာရေးလုပ်သား ၂၁ ဦးအတွက် ငွေကျပ် ၄၂၀၀၀၀ ထောက်ပံ့ပေးအပ်ရာ သင်တန်းသား သင်တန်းသူများက လက်ခံယူကြပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မိုးမောက်မြို့ရှိ ယာယီတိုက်ပွဲရှောင်စခန်းမှ ရွှေ့ပြောင်းမိသားစုဝင်များအား ထောက်ပံ့

**မိုးမောက် ဇွန် ၁၁**


ကချင်ပြည်နယ် မိုးမောက်မြို့ ကြေးနန်းရပ်ကွက်ရှိ RC ယာယီတိုက်ပွဲရှောင်စခန်းမှ မံပုံကျေးရွာအုပ်စု ပီမိုးညွင်းကျေးရွာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် မိသားစုဝင်များအတွက် ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၉ ရက်က ကျင်းပသည်။



အဆိုပါ ထောက်ပံ့ကြေးပေးအပ်ရာတွင် ဗန်းမော်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဌွေးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မောင်မောင်တို့က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် ဆန်ရိက္ခာဖိုး တစ်လစာ ငွေကျပ် ၁၃၀၅၀၀၀၊ ပြောင်းရွှေ့စရိတ် ငွေကျပ် ၂၅၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၃၈၀၅၀၀၀ နှင့် ငွေကျပ် ၁၃၅၉၄၀၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပုံး ၂၅ ပုံးတို့ကို အိမ်ထောင်စု ၂၅ စု၊ လူဦးရေ ၁၄၅ ဦးတို့အတွက် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# “ရေအဆန် လေထန်ကြမ်းပေမဲ့ကမ်းရောက်ခဲ့ပြီ” စာအုပ်ဖြန့်ချိ

**နေပြည်တော် ဇွန် ၁၁**



ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု လူငယ်စာပေ ဒုတိယဆုရရှိသည့် စာရေးဆရာ ရေနံ့သာမောင်ကျော်ညွန့်၏ “ရေအဆန် လေထန်ကြမ်းပေမဲ့ ကမ်းရောက်ခဲ့ပြီ” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဝတ္ထုရှည်ဇာတ်လမ်းသဖွယ် ရေးသားထားသော်လည်း အခန်း(၁၂)ခန်းဖြင့် ဝတ္ထုတိုလေးများသဖွယ် ခွဲထားသည်။ သူကိုယ်တိုင်ဖြတ်သန်းခဲ့ရသည့် ဘဝဇာတ်ကြောင်းကိုပင် အတုယူအားကျဖွယ် ရေးသားထားသည်။ တောသူတောင်သား သာမန်ကလေးငယ်တစ်ဦး သူ့ရည်မှန်းချက်အတိုင်း ကျောင်းဆရာဖြစ်အောင် ကျားကုတ်ကျားခဲ ကြိုးစားခဲ့ရပုံ၊ ကြိုးစားသည့်အလျောက် ထူးချွန်ဆုများရခဲ့ပုံ၊ ကြိုးစားမှုရလဒ်အဖြစ် ဆရာအတတ်သင်ဝင်ခွင့်နှင့် သင်တန်းကျောင်းတွင် ထိပ်ဆုံးအဆင့်ရခဲ့ပုံ၊ ထူးချွန်သည့်အလျောက် ကျောင်းဆရာအဖြစ် နှစ်သက်ရာမြို့ရွာပင် ရွေးချယ်ခွင့်ရကာ မိမိဇာတိရွာတွင် ငယ်ဆရာနှင့်အတူ နိုင်ငံ့အကျိုး၊ ရပ်ရွာအကျိုး ဆောင်ရွက်သွားပုံနှင့် အချို့အခန်းခွဲများတွင် လိုအပ်သလို ကဗျာလေးများညှပ်၍ စိတ်ဝင်စားဖွယ် ရေးသားထားသည်။ ချစ်ခင်ဖွယ်တောရွာဓလေ့များ၊ မိခင်မေတ္တာများပါ ပေါင်းစပ်ကာ သုတရသဖြင့် ထုံမွမ်းရေးသားထားသဖြင့် ဖတ်ရှုဖွယ်ကောင်းသော သုတရသစာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၂၅၀၀ ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉- ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

### ဘာသာရေးသက်ဝင်ယုံကြည်မှု

ရှေးရိုးစွဲအယူဝါဒနှင့် ဘာသာရေးသက်ဝင်ယုံကြည်မှုရှိသူ တစ်ယောက်ဖြစ်သည်။ တူကီယဲလူ့အဖွဲ့အစည်းတွင် အစ္စလာမ်ဘာသာ ပိုမိုအရေးပါလာစေရန် ထောက်ပံ့အားပေးခဲ့ပြီး ရှေးရိုးစွဲမူဝါဒများကို လမ်းကြောင်းဖော်ဆောင်ပေးခဲ့သည်။ ထို့အတွက် ဝေဖန်ထောက်ပြမှု အများအပြား ကြုံတွေ့ခဲ့ရသည်။

### သက်တမ်းတစ်လျှောက် အောင်မြင်မှုများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

အာဒိုဂန် ခေါင်းဆောင်မှုအောက်တွင် စီးပွားရေး သိသိသာသာ ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ လွတ်လပ်ပြီး ခေတ်မီသည့် စီးပွားရေးစနစ် ဖော်ဆောင်ကာ စီးပွားရေးပြုပြင်ပြောင်းလဲမှုအမျိုးမျိုး ဆောင်ရွက်ခဲ့သည်။ GDP အညွှန်းကိန်း မြန်မြန်ဆန်ဆန် တိုးတက်ခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်း အများအပြားမှ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လာခဲ့ကြသည်။ လေယာဉ်ကွင်းအသစ်များ ဖွင့်လှစ်ခြင်း၊ အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ခြင်းနှင့် တံတားသစ်များဆောက်လုပ်ခြင်း စသည့်အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဖော်ဆောင်ပေးနိုင်ခဲ့သည်။

### ဒေသတွင်း ဩဇာလွှမ်းမိုးမှု

အာဒိုဂန်သည် ဒေသတွင်း တူကီယဲနိုင်ငံ၏ ဩဇာလွှမ်းမိုးမှုကို တိုးမြှင့်ရန်ရည်ရွယ်သည့် တက်ကြွသည့် နိုင်ငံခြားရေးမူဝါဒကို ချမှတ်ခဲ့သည်။ တူကီယဲနိုင်ငံကို အင်အားကြီးနိုင်ငံတစ်ခုအဖြစ် ထူထောင်ရန် ကြိုးပမ်းခဲ့ပြီး အိမ်နီးချင်းနိုင်ငံများနှင့် ခိုင်မာသည့်ဆက်ဆံရေး တည်ဆောက်နိုင်ခဲ့သည့်အပြင် အရှေ့အလယ်ပိုင်းနိုင်ငံ၊ အာဖရိကနိုင်ငံများနှင့်လည်း ဆက်ဆံရေးခိုင်မာစေခဲ့သည်။ သံတမန်ပိုင်းနှင့် စီးပွားရေးပိုင်းတွင် စနစ်တကျကြိုးပမ်းဆောင်ရွက်ခဲ့မှုများဖြင့် တူကီယဲသည် ဒေသတွင်းနိုင်ငံများအကြား ၎င်း၏ဩဇာအာဏာကို ချဲ့ထွင်နိုင်ခဲ့သည်။

### လူမှုထောက်ပံ့ရေး ပြုပြင်ပြောင်းလဲမှု

အာဒိုဂန် အစိုးရသည် တူကီယဲလူမျိုးများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်၍ လူမှုဖူလုံရေးအစီအမံ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့သည်။ လူတိုင်းအကျုံးဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှု စနစ်တစ်ရပ် တည်ထောင်ခဲ့ခြင်း၊ လူမှုထောက်ပံ့ရေးအစီအစဉ်များ တိုးချဲ့ခဲ့ခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအမံများ ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် ပညာရည်တိုးတက်မြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ခဲ့သည်။ လူမှုစီးပွားတန်းတူ ညီမျှမှုမရှိခြင်းကို လျှော့ချ၍ နိုင်ငံသူနိုင်ငံသားများ ကျန်းမာချမ်းသာစွာ အသက်ရှင်နေထိုင်နိုင်ရေးကို ဦးတည်ချက်ထား ဆောင်ရွက်ခဲ့သည်။

### အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်မှု

နိုင်ငံတစ်ဝန်း အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသည့်စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့သည်။ တူကီယဲလူမျိုးများ၏ နေထိုင်မှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်တို့ကို ဆောင်ရွက်ခဲ့သည်။ သိသာထင်ရှားသည့် ဖွံ့ဖြိုးတိုးတက်မှုများမှာ Bosporus ရေလက်ကြားအား ဖြတ်သန်း၍ အာရှနှင့် ဥရောပသို့ ဆက်သွယ်ပေးသည့် Marmaray မီးရထားလမ်းဖောက်လုပ်ခဲ့မှု၊ အစ္စတန်ဘူလ်မက်ထရိုစနစ် ချဲ့ထွင်နိုင်ခဲ့မှု၊ ဆည်များ၊ စွမ်းအင်စက်ရုံများ တည်ဆောက်နိုင်ခဲ့မှု၊ မြို့တော်များနှင့် အိမ်ရာအသစ်များ ဖော်ထုတ်နိုင်ခဲ့မှုတို့ပင် ဖြစ်သည်။

### နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုနှင့် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ခဲ့မှု

အာဒိုဂန်၏ AKP ပါတီသည် စတင်တည်ထောင်ချိန်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် သမ္မတရွေးကောက်ပွဲများ၊ လွှတ်တော်ရွေးကောက်ပွဲများအားလုံး၌ အနိုင်ရရှိခဲ့ပြီး တူကီယဲနိုင်ငံတွင် အဓိကကျသည့် နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် ရပ်တည်လျက်ရှိသည်။ ရွေးကောက်ပွဲများကိုလည်း အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီး နိုင်ငံရေးတည်ငြိမ်မှုရှိခြင်းနှင့် စဉ်ဆက်မပြတ်သွားသည့် အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်နိုင်ခဲ့ကာ အာဒိုဂန်အစိုးရအနေဖြင့် ရေတိုမဟုတ်သည့် ရေရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့သည်။ အစိုးရတစ်ခုတည်းက နှစ်ပေါင်းများစွာ အုပ်ချုပ်ခွင့်ရရှိခဲ့သည့်အတွက် ယင်းအစိုးရအကောင်အထည်ဖော်လိုသည့် မူဝါဒများကို ခါးဆက်ပြတ်တောက်သွားခြင်းမရှိဘဲ ဆောင်ရွက်နိုင်ခဲ့သည်။

### အငြင်းပွားမှုများနှင့်စိန်ခေါ်မှုများ

တူကီယဲနိုင်ငံအား ဒေသတွင်း ဩဇာရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ်သို့ တည်ဆောက်ပေးခဲ့သော သမ္မတ အာဒိုဂန်အား နိုင်ငံရေးလေ့လာသုံးသပ်သူများက ၎င်းတာဝန်ထမ်းဆောင်ခဲ့သည့် သက်တမ်းကို အငြင်းပွားမှုများ၊ စိန်ခေါ်မှုများဖြင့် အမှတ်အသားပြုကြသည်။ ၎င်း၏အစိုးရအဖွဲ့သည် အချိန်ကြာမြင့်စွာ အုပ်ချုပ်ခွင့်ရရှိခဲ့သည့်အတွက် အာဏာရှင်လမ်းကြောင်းသို့ တဖြည်းဖြည်း လျှောက်လှမ်းနေသည်ဟု စွပ်စွဲပြစ်တင်ခံခဲ့ရပြီး ၂၀၁၃ ခုနှစ်တွင် ဆန့်ကျင်ဆန္ဒပြမှုများ အများအပြား ကြုံတွေ့ခဲ့ရသည်။ ထို့ပြင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ တရားစီရင်ရေးမဏ္ဍိုင်နှင့် လူနည်းစုအုပ်စုများအပေါ်ဆက်ဆံမှု စသည်တို့နှင့်စပ်လျဉ်း၍လည်း ကန့်သတ်ချက်များရှိသည်ဟု ထောက်ပြမှုများ ကြုံတွေ့ခဲ့ရသည်။

ထို့ပြင် အာဒိုဂန်အစိုးရ၏ နိုင်ငံခြားရေးမူဝါဒနှင့်စပ်လျဉ်း၍လည်း မှန်ကန်မှု ရှိ မရှိ ဝေဖန်ထောက်ပြလာခဲ့ကြသည်။ အထူးသဖြင့် ဥရောပသမဂ္ဂနှင့် ဆက်ဆံရေး၊ ဆီးရီးယားပြည်တွင်းစစ်ကိုင်တွယ်ဆောင်ရွက်မှု၊ ဒေသတွင်းနိုင်ငံများနှင့် သဘောထားတင်းမာလာမှု စသည်တို့အပေါ်တွင်လည်း ဝေဖန်မှုများရှိခဲ့သည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ကြောင့် လူပေါင်းများစွာ သေကျေပျက်စီးခဲ့ရပြီး ထိခိုက်ဆုံးရှုံးမှု များပြားခဲ့သော တူကီယဲနိုင်ငံတွင် ငလျင်ဒဏ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဆီးရီးယားဒုက္ခသည်ပြဿနာများ၊ တင်းကျပ်သည့် နိုင်ငံခြားရေးမူဝါဒများနှင့် စပ်လျဉ်း၍ ဝေဖန်ထိုးနှက်မှုများ ရင်ဆိုင်ကြုံတွေ့နေရသည့် သမ္မတ အာဒိုဂန်အတွက် ယခုကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲသည် အကြီးမားဆုံး စမ်းသပ်စိန်ခေါ်မှုကြီး ဖြစ်ခဲ့ပေတော့သည်။


*ရည်ညွှန်းကိုးကား*

- *https://www.aljazeera.com/news/ 2023/ 5/28/follow-the-vote-turkey-election-run-off-results-2023#:~:text=According% 20to%20Anadolu%20Agency%2C%20 88.84,performed%20in%20the%20 first%20round.*
- *https://news-eleven.com/article/245574*
- *https://npnewsmm.com/news/ 6474363 86fcf313d2e288b1e*
- *https://www.britannica.com/biography/ Recep-Tayyip-Erdogan*
- *https://www.bbc.com/news/world-europe-13746679*



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Verbs (ကြိယာ) အကြောင်းဖော်ပြရာမှာ အရင်အပတ်ကဖော်ပြခဲ့တဲ့ Gerund (ကြိယာနာမ်) အကြောင်းကို ဆက်လက်ဖော်ပြလိုက်ပါတယ်။ ဒ့ါအပြင် စကားပြောပိုင်းမှာလည်း Shortest way to talk about "Free time activities" အားလပ်ချိန် လုပ်ဆောင်ချက်များနဲ့ပတ်သက်ပြီး ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံစကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်မှာတော့ အရင်အပတ်ကဖော်ပြခဲ့တဲ့ Gerund (ကြိယာနာမ်) အကြောင်းကို ပြည့်ပြည့်စုံစုံလေး ထပ်မံဖော်ပြလိုက်ပါတယ်။

(1) As the subject of a verb:
ကြိယာ၏ကတ္တားအဖြစ်အသုံးပြုခြင်း

- ➢ ***Smoking*** in school is prohibited.
- ➢ ***Collecting*** stamps is her hobby.
- ➢ ***Looking*** after children requires patience.

(2) As the object of a verb:
ကြိယာ၏ ကံအဖြစ် အသုံးပြုခြင်း

- ➢ She likes ***sewing.***
- ➢ I enjoy ***writing*** letters.
- ➢ The child keeps on ***asking*** questions.
- ➢ The baby did not stop ***weeping*** yet.
- ➢ He prefers ***reading*** English to ***speaking*** it.

(3) As the object of a preposition:
ရှေ့ဆောင်ပုဒ်၏ ကံအဖြစ်အသုံးပြုခြင်း

- ➢ Nilar is fond of ***talking.***
- ➢ I'm tired of ***waiting.***
- ➢ The men left without ***paying.***
- ➢ He earns a living by ***giving*** tuition.
- ➢ The boy was punished for ***telling*** a lie.

(4) As a complement of a verb:
ကြိယာ၏အဖြည့်ပုဒ်အဖြစ်အသုံးပြုခြင်း

- ➢ Seeing is ***believing***.
- ➢ The best exercise is ***swimming.***
- ➢ The woman's job is ***selling*** vegetables in the market.

Gerund Phrases are made up of Gerunds and nouns.
(Gerund Phrase – ကြိယာနာမ် စကားစုများကို Gerund၊ Nouns တို့ဖြင့် ဖွဲ့စည်းနိုင်သည်။)

- ➢ ***Window shopping*** is a good way to save money.
- ➢ I have a ***driving lesson*** on Wednesday.
- ➢ That is a large ***swimming pool.***

**Infinitive and Gerund**

Infinitive နဲ့ Gerund နှစ်မျိုးလုံးကို ဝါကျ၏ကတ္တားအဖြစ်လည်းကောင်း၊ ကြိယာ၏ကံအဖြစ်လည်းကောင်း၊ ရှေ့ဆောင်ပုဒ်၏ ကံအဖြစ်လည်းကောင်း အသုံးပြုနိုင်သည်။ ဥပမာ –

- I like reading novels in my spare time.
  I like to read novels in my spare time.
- Sleeping is necessary for health.
  To sleep is necessary for health.
- Saving is better than spending.
  To save is better than to spend.

**Gerund ကိုသာသုံး၍ Infinitive ကိုသုံး၍မရသော ကြိယာများ**

- avoid = ရှောင်ကြဉ်သည်။
- detest = မုန်းတီးသည်။
- defer = ရွှေ့ဆိုင်းသည်။
- delay = ကြန့်ကြာသည်။
- mind = အလေးထားသည်။
- recollect = သတိရသည်။
- resent = နာကြည်းသည်။
- pardon = ခွင့်လွှတ်သည်။
- dislike = မနှစ်သက်ပါ။
- enjoy = ပျော်ရွှင်သည်။
- excuse = ခွင့်လွှတ်သည်။
- fancy = စိတ်ကူးသည်။
- finish = ပြီးစီးသည်။
- forgive = ခွင့်လွှတ်သည်။
- imagine = စိတ်ကူးသည်။
- keep continue = ဆက်လက်ပြုလုပ်သည်။
- risk = စွန့်စားသည်။
- prevent = တားဆီးသည်။
- postpone = အချိန်ရွှေ့သည်။
- stop = ရပ်ဆိုင်းသည်။
- suggest = အကြံပေးသည်။
- can't bear = သည်းမခံနိုင်
- can't help = မတတ်နိုင်
- can't stand = မခံရပ်နိုင်

## VOCABULARY (IDIOMS)

- to sit on the fence (လှေနံနှစ်ဖက်နင်းသည်)
  You can't ***sit on the fence*** any longer – you have to decide whose side you're on.
- to play second fiddle (နောက်လိုက်နေရာက နေသည်)
  Tired of ***playing second fiddle***, she resigned and started her own company.
- to march in Indian file (ရှေ့နောက်တစ်တန်းတည်းချီတက်သည်)
  The four of us were walking ***in Indian file***.
- at one's fingertips (ကောင်းကောင်းသိသည်၊ ဒက်ခနဲပြောနိုင်သည်)
  He wanted to know all about his latest projects, so that the correct answers were ***at his fingertips*** when he was questioned by the right people.
- to have a finger in the pie (နေရာတကာဝင်စွက်သည်)
- He's a man with ***fingers in a lot of pies***.

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

# CONVERSATION



## Shortest way to talk about "Free time activities"

**ဒီတစ်ပတ်မှာတော့ "Free time activities" အားလပ်ချိန် လုပ်ဆောင်ချက်များအကြောင်း ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about "Free time activities" ဆိုပြီး ဖော်ပြလိုက်ပါတယ်။**

**What do you usually do?**

၁။ ပုံမှန်အားဖြင့် အလေ့အထသဘာဝတွေ၊ ဖြစ်ရိုးဖြစ်စဉ်တွေ၊ အမြဲတမ်း အမှန်တရားတွေ၊ ယေဘုယျအမှန်တရားတွေအကြောင်း ပြောရင် Simple Present လို့ခေါ်တဲ့ V1 နဲ့သုံးလေ့ရှိပါတယ်။ အထူးသဖြင့် ဒီ Simple Present လို့ခေါ်တဲ့ V1 တွေကို Frequency Adverbs တွေနဲ့ တွဲသုံးလေ့ရှိပါတယ်။ ဒီနေရာမှာ သုံးပြထားတဲ့ Frequency Adverbs ကတော့ usually (ပုံမှန်အားဖြင့်) ဖြစ်ပါတယ်။ Frequency Adverbs တွေကို Sentences ထဲမှာ ထည့်ချင်တဲ့နေရာထည့်လို့မရပါဘူး။ သူတို့ကို သူ့နေရာနဲ့သူ မှန်မှန်ကန်ကန် ထည့်ဖို့လိုပါတယ်။ ပုံမှန်အားဖြင့်

Frequency Adverbs တွေကို

- ➢ Main Verb ရဲ့ရှေ့
- ➢ Verb to be ရဲ့နောက်
- ➢ Helping Verb နဲ့ Main Verb ကြားမှာ ထားရပါတယ်။

ဒီမှာမေးထားတဲ့ မေးခွန်းကတော့ မင်းပုံမှန်အားဖြင့် ဘာလုပ်လေ့ရှိသလဲဆိုပြီး မေးထားတာဖြစ်ပါတယ်။

**I don't spend much time**

၂။ ကျွန်တော် အချိန်အများကြီး မသုံးဘူးဆိုပြီး အဓိပ္ပာယ် ကောက်ယူနိုင်ပါတယ်။ ဒီနေရာမှာ အဓိကပြောချင်တာကတော့ time ဆိုတဲ့အရှေ့မှာ much အသုံးပြုခြင်းပဲ ဖြစ်ပါတယ်။ ရေတွက်လို့မရတဲ့ Uncountable Noun တွေရဲ့ရှေ့မှာ ရေတွက်လို့ရတဲ့ many ဆိုတဲ့ စကားလုံးကို အသုံးပြုလို့မရပါဘူး။

- ➢ much + Uncountable Nouns

**Why don't we go bowling together?**

၃။ ဘာလို့ဘိုးလင်းအတူတူသွားမကစားရမှာလဲ? ဘာကြောင့် မလုပ်ရမှာလဲ။ ဘာကြောင့် မသွားရမှာလဲ။ ဘာကြောင့် အတူတူသွားမကစားရမှာလဲ။ စသည်ဖြင့် အကြံပြုတိုက်တွန်း ပြောကြားလိုတဲ့အခါမှာ ဒီလိုစကားပြောပုံစံမျိုး သုံးနိုင်ပါတယ်။ ဒီနေရာမှာ နောက်ထပ် မှတ်သားစရာတစ်ခုကတော့

- ➢ go + activities

Go ရဲ့နောက်မှာ လုပ်ဆောင်ချက် လိုက်နိုင်ပါတယ်။
ဥပမာ – go swimming
go shopping စတဲ့ ပုံစံမျိုး ရေးနိုင် ပြောနိုင်ပါတယ်။

### Conversation

Free time activities

**Rachel**: **What do you usually do** in your spare time, Gabriel?

**Gabriel**: I go out with my friends. We love playing soccer. **We sometimes go** to watch soccer if there is a big match on.

**Rachel**: **Do you often watch** TV in your spare time?

**Gabriel**: Every day I check the news, but **I don't spend much time** watching soap operas or movies.

**Rachel**: Do you like reading?

**Gabriel**: Yes, I'm an avid reader.

**Rachel**: What kind of books do you like best?

**Gabriel**: I love reading biographies, because I find the stores of people's lives so fascinating.

**Rachel**: What other hobbies do you have?

**Gabriel**: I love to go skateboarding and hiking. Oh, and I love to swim.

**Rachel**: **Do you like playing computer games?**

**Gabriel**: Yes, I do, but I'm not crazy about computer games.

**Rachel**: **Do you ever go bowling?**

**Gabriel**: Yes, I do like to go bowling sometimes.

**Rachel**: Really? Me, too. **Why don't we go bowling together?**

**Gabriel**: That sounds great. I would love that.

**Rachel**: Is Saturday at 5 pm okay with you?

**Gabriel**: Yeah, sure. It's perfect.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ထောက်ပံ့ငွေများအား ဟသ်ာတခရိုင်ရှိ မြို့နယ်သုံးမြို့နယ်သို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ပုသိမ် ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ မြို့တော်ခန်းမ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ထောက်ပံ့ငွေများအား ဟသ်ာတခရိုင်ရှိ မြို့နယ်သုံးမြို့နယ်သို့ လွှဲပြောင်းပေးအပ်ပွဲ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေပေးအပ်ပွဲနှင့် တောင်သူများသို့ မျိုးစပါးနှင့်သွင်းအားစုများပေးအပ်ပွဲကို ယမန်နေ့ညနေပိုင်းက ပြုလုပ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့် တောင်သူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ မတည်ငွေများ ထုတ်ပေးရခြင်းနှင့် မိုးစပါးတစ်ဧက ၁၀ တင်းနှုန်း ပိုမို တိုးတက်ထွက်ရှိရေး၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြုဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးသည် စိုက်ပျိုးရေးတိုင်းဒေသကြီး ဖြစ်သော်လည်း စပါးစိုက်ပျိုးရေးနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်း ရောက်ရှိရေးအတွက် ကြိုးစား ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်တွင် မိုးစပါးတစ်ဧက ၁၀ တင်းနှုန်း ပိုမိုထွက်ရှိရေးအတွက် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအား စိုက်ပျိုးရေးစံပြတိုင်းဖြစ်ရန်အတွက် စိုက်ပျိုးရေးပညာရှင်များ၊ တောင်သူများကလည်း ပူးပေါင်းဆောင်ရွက်ရန် လိုပါကြောင်း၊ စားသုံးဆီဖူလုံစေရေးအတွက် ဆီထွက်သီးနှံ နေကြာ၊ မြေပဲ၊ နှမ်းစသည့် ဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေးအတွက် တစ်သီးမှ နှစ်သီး၊ နှစ်သီးမှသုံးသီးအထိ ပိုမိုစိုက်ပျိုးပြီး စိုက်ပျိုးရေးစံပြတိုင်းဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းပေးကြစေလိုကြောင်း အမှာစကားပြောကြားပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မျိုးစပါးနှင့် သွင်းအားစုများအား ဟသ်ာတ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်များမှ တောင်သူများထံသို့လည်းကောင်း **(အပေါ်ပုံ)**၊ ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံ ငွေများကို ဟသ်ာတ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်များမှ မြို့နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများထံသို့ လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ မျိုးစေ့ထုတ်လုပ်မှုနှင့်ပတ်သက်၍ မိုးဝဠာကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာက တင်ပြဆွေးနွေးပြီး ဟသ်ာတမြို့နယ် နတ်မော်ကျေးရွာ၊ ဇလွန်မြို့နယ် ရွှေကျောင်းကျေးရွာ၊ လေးမျက်နှာမြို့နယ် ခမောက်စုကျေးရွာတို့မှ တောင်သူများက တစ်ဧက ၁၀ တင်းနှုန်း ပိုမိုတိုးတက်ထွက်ရှိရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံတောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး ခင်းကျင်းပြသထားသည့် မျိုးစပါးများ၊ ပဲ၊ မြေဩဇာနှင့် သွင်းအားစုများအား ကြည့်ရှုအားပေးသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇွန် ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်ဝန်ထမ်းအရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေလယ်ဝေးမြို့နယ်ရှိ ရတနာပုံတောရကျောင်းတိုက်နှင့် သရက်တောကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ အဘယာရာမစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဝါဆိုကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရိုးဂိုးကျောင်းဟောင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ရှင်မတောင်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကောင်းစုဝေကျောင်းတိုက်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ရှိ ကျွန်းကလေး ပရိယတ္တိကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ မင်္ဂလာသီရိပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မင်္ဂလာသာစည်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ တောင်ဆင်တဲကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ ရေပန်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ ပဒုံပရိယတ္တိကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ အထက်မန်အိုင် ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

# သီပေါမြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ကွင်းဆင်းဆောင်ရွက်ပေး

**သီပေါ ဇွန် ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ခိုင်မာစေရေးတို့အတွက် ဒေသခံတောင်သူလယ်သမားများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ - ၇) များ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက နမ့်ရမ်းကျေးရွာအုပ်စု နောင်ကော်ကြီးကျေးရွာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဝင်းက အမှာစကားပြောကြား၍ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်ဦးက လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စများကို ရှင်းလင်းတင်ပြကာ တောင်သူ ၁၀၅ ဦး၏ ဦးပိုင်(ပုံစံ- ၇) များကို တစ်ဦးချင်းထုတ်ပေးပြီး နမ့်ရမ်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းအောင်သိန်း က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မိုင်းခေးကျေးရွာအုပ်စုသို့ ကွင်းဆင်း၍ တောင်သူများ၏အကျိုး ရှေးရှုကာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးသည်။

သီပေါမြို့နယ်အနေဖြင့် တောင်သူပေါင်း ၁၃၈၄၉ ဦး၏ ဦးပိုင်များ ထုတ်ပေးနိုင်ခဲ့ပြီး မြို့နယ်အတွင်း စိုက်ပျိုးမြေ ၇၅ ရာခိုင်နှုန်းကျော်ကို ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇွန် ၁၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

**မိုး/ဇလ**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၆ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၅၀ ကျပ် | ၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၃၀ ကျပ် | ၂၀၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၃၅ ကျပ် | ၂၀၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၃၀ ကျပ် | ၂၁၈၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၂၂၉၅ | ၁၈၃၆၀၀၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၁၂၆ | ၃၅၉၁၅၀ |
| MCB | ၇၁၀၀ | ၇၁၀၀ | ၆၇ | ၄၇၅၇၀၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၇၃၂၀ | ၁၀၆၁၄၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၄ | ၉၈၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၂၀၆ | ၉၈၈၈၀၀ |

ညီညီ - စုစည်းသည်

# လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းဆင်းပွဲ ကျင်းပ

**ပျဉ်းမနား ဇွန် ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနနှင့် သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)တို့ ပူးပေါင်းကျင်းပသည့် လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်း အမှတ်စဉ် (၁/၂၀၂၃)သင်တန်းဆင်းပွဲကို ယမန်နေ့က သုခစိုးဟိုတယ်၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာရဲတင့်ထွန်းက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် စိုက်ပျိုးထွက်ကုန်များ အထွက်နှုန်း တိုးတက်ရေး သည် အဓိကကဏ္ဍတစ်ရပ်ဖြစ်ပြီး အထွက်နှုန်းတိုးတက်ရေးကို ဟန့်တားစေသော ဖျက်ပိုးမွှားများကို ကာကွယ်နှိမ်နင်းရာမှာလည်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသူများ၏ တာဝန်တစ်ရပ်ဖြစ်ကြောင်း၊ မဖြစ်မနေသုံးစွဲရမည့် ပိုးသတ်ဆေးများသည်လည်း အရေးကြီးသော သွင်းအားစုတစ်ရပ်ဖြစ်ပြီး ယင်းကဲ့သို့ ပိုးသတ်ဆေးများသည် အခြားသွင်းအားစုများနှင့်မတူဘဲ လူနှင့် ပတ်ဝန်းကျင်ကို အဆိပ်ရှိပစ္စည်းများဖြစ်သဖြင့် ကိုင်တွယ် / ရောင်းဝယ်ဖောက်ကားသည့်အခါတွင် ဥပဒေနှင့်အညီလိုက်နာပြီး စနစ်တကျသုံးစွဲစေလိုကြောင်းနှင့် သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းပြီးစီး၍ မိမိဒေသသို့ရောက်ရှိသွားသည့်အခါ သင်တန်းကရရှိခဲ့သည့် ဗဟုသုတများကို ပြန်လည်မျှဝေစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းတွင် ဆုရရှိသူများနှင့် သင်တန်းသား သင်တန်းသူများထံ သင်းတန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများသင်တန်း အမှတ်စဉ်(၁/၂၀၂၃)သင်တန်းကို ဇွန် ၈ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**

## ဖျာပုံမြို့နယ်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးသမဝါယမ အသင်းများသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများထုတ်ချေး

**ဖျာပုံ ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်ရှိ ငြိမ်းချမ်းစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသား ၂၅ ဦး၊ စိုက်ဧက ၂၁၀ အတွက် ချေးငွေကျပ်သိန်း ၁၅၀ နှင့် ငွေ့ဂှက်မင်း မွေးမြူရေးသမဝါယမအသင်းမှ အသင်းသား ၅၀ အတွက် ချေးငွေကျပ်သိန်း ၁၅၀ တို့ကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (တိုင်းဒေသကြီး)ဖြင့် ပံ့ပိုးထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




## သာပေါင်းမြို့နယ် ထန်းဇင်လှကျေးရွာအုပ်စု၌ ငါးသယံဇာတ၊ ရေသယံဇာတထိန်းသိမ်းရေး ဟောပြော

**သာပေါင်း ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုဖြင့် ထန်းဇင်လှကျေးရွာအုပ်စု ထန်းဇင်လှကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ဩဘာဆောင်ခန်းမ၌ ရေသယံဇာတ၊ ငါးသယံဇာတတိုးပွားထိန်းသိမ်းစေရေး အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်က အမှာစကားပြောကြားပြီး အဖွဲ့ဝင် (၂) ဦးကျော်တိုးက ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးအရာရှိ ဦးမျိုးသိမ်းက ဒေသနေပြည်သူများ သားစဉ်မြေးဆက် ငါးစားသုံးနိုင်ရေး၊ ငါးထုတ်လုပ်မှု တိုးတက်စေရေး၊ ငါးရစ်၊ ငါးသန်၊ လျှပ်စစ်ကျဉ်စက်၊ အဆိပ်ဆေးချ ငါးဖမ်းဆီးမှုမရှိစေရေးနှင့် ရေသယံဇာတ၊ ငါးသယံဇာတ တိုးတက်ထိန်းသိမ်းရေးလုပ်ငန်းများအား အသိပညာပေး ဆွေးနွေး၍ ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပြီး ရေလုပ်သားကြီးများက သိရှိလိုသည်များမေးမြန်းရာ ပြန်လည်ရှင်းလင်း ဖြေကြားပေးကြကြောင်း သိရသည်။

**မျိုးဇော်သိန်း**
**သာပေါင်း (ပြန်/ဆက်)**

### အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၆၁၉/၂၀၁၇)အား ပြန်လည်ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရတနာပုံ မြို့သစ်မြောက်ပိုင်း၊ အကွက်အမှတ် (ဘီ-၆)၊ ဦးပိုင်အမှတ်(၁၀)၊ ဧရိယာ ၀.၁၁၃မ ၂၂၀၄ ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဇော်ထွဏ်း(ဘ) ဦးအိုက်ပေါင် ၁၃/နခန(နိုင်) ၀၆၁၀၂၆ ပိုင်ဆိုင်ထားသော ဂရန်မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်အတွက် လိုအပ်သည့် ရုံးကိစ္စရပ်များ ဆောင်ရွက်ရန် ဦးဇော်ထွဏ်းမှ ဦးစောလီဘတ်(ခ)ဦးအောင်ဇော်ထွေး(ဘ) ဦးစူခံယုံ(ခ)ဦးမြင့်ရွှေ ၁၂/လမတ(နိုင်) ၀၁၃၅၂၄ အား မန္တလေးမြို့၊ မြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ ၁၅-၁၁-၂၀၁၇ ရက်နေ့တွင် လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲ စာအမှတ် ၄၆၁၉/၂၀၁၇ ဖြင့် လွှဲအပ်ပေးခဲ့ပါသည်။

ယခုအခါ အထက်ပါ အထူးကိုယ်စားလှယ်လွှဲစာဖြင့် ဆောင်ရွက်ရန်လုပ်ငန်းများ ပြီးဆုံးသွားပါသဖြင့် သက်ဆိုင်ရာရုံးတွင် ဦးဇော်ထွဏ်းမှ တရားဝင်ပြန်လည်ဖျက်သိမ်းမည်ဖြစ်ရာ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၆၁၉/၂၀၁၇ အား ပြန်လည်ဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ ၂၁ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်ထွဏ်း (ဘ)ဦးအိုက်ပေါင် ၁၃/နခန(နိုင်)၀၆၁၀၂၆
၆၃လမ်း၊ ၄၂x၄၃ လမ်းကြား၊ အိမ် အမှတ် (၄၉/၆၀) မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉- ၂၀၁၄၈၂၃

### မိဘအမည်မှန်

နွားထိုးမြို့နယ်၊ ဝက်လူး အမှတ်(၂) (အထက)Grade-10 မှ မမြင့်မြတ်သူ၏ မိဘအမည်မှန်မှာ ဦးစောလင်းအောင် ၉/နထက (နိုင်)၁၁၃၆၈၀ နှင့် ဒေါ်ငြိမ်းငွေး ၉/နထက (နိုင်)၁၅၈၃၄၆ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/16038, Honda Click 125 M/C ယာဉ် လက်ဝယ်ရှိသူ Khin Thet Htar Co.Ltd, က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### မိဘအမည်မှန်

နမ့်စန်မြို့နယ်၊ ဟိုက်ဖတ် (အထက)Grade-5 မှ မောင်အောင်မျိုးဦး၏ မိဘအမည်မှန်မှာ ဦးဆူဂျေး ၁၃/နစန (နိုင်) ၀၃၇၆၂၂ နှင့် ဒေါ်ဂျော်စူသား ၉/ပဥလ (နိုင်)၀၇၀၅၁၆ ဖြစ်ပါကြောင်း။

**ဦးဆူဂျေး- ဒေါ်ဂျော်စူသား**

## ဥတုရာသီ တောကိုမှီ၏။

### အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ မဟာအောင်မြေခရိုင် တရားရုံးတော် ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၁

| | | |
|---|---|---|
| ဒေါ်ဝင့်ဝါလှိုင် | **နှင့်** | ၁။ ဒေါ်နန်းဖြူဖြူဇင် |
| | | ၂။ ဦးစံလွင် |
| **(လျှောက်ထားသူ)** | | **(လျှောက်ထားခံရသူများ)** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အခန်းအမှတ်(၂)၊ တိုက်အမှတ်၂၂၊ မမ-၂၆ တွင်နေထိုင်သူ ဦးစံလွင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူက ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ-၅၈ အရ ဝရမ်းခွာပေးရန် လျှောက်ထားသည်ဖြစ်၍ ၂၀၂၃ ခုနှစ် ဇွန် ၂၇ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ ဇွန် ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်သီတာ)
ဒုတိယခရိုင်တရားသူကြီး(၂)
မဟာအောင်မြေခရိုင် တရားရုံး

### ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက်၊ အကွက်အမှတ် ၁၄၀၀၊ အကျယ်အဝန်း (၄၀'X ၆၀')၊ မေတ္တာလမ်းတွင်ခေါ်သော မြေကွက်၏ အကျိုးခံစားခွင့်အားလုံးကို ဒေါ်အေးအေးပြုံး ၁၄/ကပန(နိုင်) ၀၀၉၈၉၃ မှသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ဒေါ်ချမ်းမြေ့အောင် ၇/ ဒဥန(နိုင်) ၂၁၉၂၆၅ က စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ချမ်းမြေ့အောင် ၇/ ဒဥန(နိုင်) ၂၁၉၂၆၅
ဖုန်း- ၀၉-၄၂၁၁၀၇၈၉၅

### မွေးသက္ကရာဇ်အမှန်

ကျွန်းစုမြို့နယ်၊ အထက (ကျွန်းစု)Grade-12 မှ ဦးစောစတာနီ ၏သား မောင်ရဲကျော်ပိုင်၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုစာရင်းအရ ၁၈-၁-၂၀၀၆ ဖြစ်ပါကြောင်း။



ပျော်ဘွယ်မြို့နယ် သစ်တောဦးစီးဌာနကဦးဆောင်၍ ၂၀၂၃ ခုနှစ်၊ မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၀ ရက်က ပေကုန်းကျေးရွာအနီးရှိ ဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပရာ ရမည်းသင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက အရိပ်ရပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။

မြို့နယ်(ပြန်ဆက်)



ကချင်ပြည်နယ် မိုးညှင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ မြို့နယ်သစ်တောဦးစီးဌာန၏ စီစဉ်မှုဖြင့် ၂၀၂၃ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၀ ရက်က ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးဇော်ကိုကိုဝင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(မိုးညှင်း)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက အရိပ်ရပျိုးပင်ပေါင်း ၅၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။

ရွှေမိုးညှင်း(ပြန်/ဆက်)

❑ *ကျော့ဖုံးမှ*

မင်းကျော်ခန့် (ရန်ကုန်ယူနိုက်တက်)၊ ဇင်ကိုထက် (ရန်ကုန်ယူနိုက်တက်)၊ ဟိန်းဇေယျာလင်း (ရန်ကုန်ယူနိုက်တက်)၊ သက်ဟိန်းစိုး(ရတနာပုံ)၊ သီဟထက်အောင် (ရှိုင်ယူနိုက်တက်)၊ စိုးမိုးကျော်၊ အလယ်တန်း - ဝေလင်းအောင် (ဒဂုံစတား)၊ ရန်နိုင်ဦး (ရန်ကုန်ယူနိုက်တက်)၊ ဇော်ဝင်းသိန်း (ရန်ကုန်ယူနိုက်တက်)၊ မြတ်ကောင်းခန့် (ရှမ်းယူနိုက်တက်)၊ လင်းထက်စိုး (ရှမ်းယူနိုက်တက်)၊ ထက်ဖြိုးဝေ(ရှမ်းယူနိုက်တက်)၊ ကျော်မင်းဦး(PDRM၊ မလေးရှား)၊ ဟိန်းထက်အောင် (Selangor၊ မလေးရှား)၊ လွင်မိုးအောင် (ရရောင်း၊ ထိုင်း)၊ ငြိမ်းချမ်းအောင် (မြောင်ထရန်၊ ထိုင်း)၊ မောင်မောင်လွင် (လန်ဖွန်ဝါရီယာ၊ ထိုင်း)၊ ရှေ့တန်း - သန်းပိုင် (ကန်ချနာဘူရီ၊ ထိုင်း)၊ အောင်ကောင်းမာန် (ချောင်ဘူရီ၊ ထိုင်း)၊ အောင်သူ (လန်ဖွန်ဝါရီယာ၊ ထိုင်း)၊ ဝင်းနိုင်ထွန်း (ဘော်နီယို၊ အင်ဒိုနီးရှား)နှင့် စည်သူအောင် (အယုဒ္ဓယ၊ ထိုင်း) တို့ ပါဝင်ကြသည်။

လက်ရှိဖွဲ့စည်းထားသည့် ပဏာမလူစာရင်းတွင် ပြည်ပကလပ်များ၌ ကစားနေသူအများစု ရွေးချယ်ခံရပြီး လူသစ်ကစားသမားအချို့လည်း ပါဝင်လာသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လတွင် နိုင်ငံတကာခြေစမ်းပွဲများ ကစားပြီးနောက် ဇွန်လတွင် ထပ်မံကစားခြင်းဖြစ်သည်။ **ရဲရင့်လွင်**

❖ *ကျော့ဖုံးမှ*

ပွဲချိန်ပြည့်ခါနီးတွင် အင်တာမီလန်အသင်း ချေပဂိုးရရှိရေး အပြင်းအထန် ကြိုးစားလာသော်လည်း မန်စီးတီးအသင်းခံစစ်က ဟန့်တားရှင်းထုတ်ပုံကောင်းမွန်မှုနှင့် ဂိုးသမား အီဒါဆင်တို့ လက်စွမ်းပြ ကာကွယ်ထားနိုင်မှုတို့ကြောင့် သွင်းဂိုးရရှိခဲ့ခြင်း မရှိခဲ့ပေ။

**အကောင်းဆုံးကစားသမားဆု**

အဆိုပါပွဲအတွက် အကောင်းဆုံးကစားသမားဆုကို အင်တာမီလန်အသင်းဘက်သို့ ပွဲချိန် ၆၈ မိနစ်တွင် သွင်းယူပေးနိုင်ခဲ့သော မန်စီးတီး ကွင်းလယ်ကစားသမား ရိုဒရီကဆွတ်ခူးရရှိခဲ့သည်။

ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပွဲပေါင်း ၁၂၅ ပွဲ ကစားကာ သွင်းဂိုးပေါင်း ၃၇၂ ဂိုးအထိ ရှိသည်။ ပြိုင်ပွဲတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားဆုကို မန်စီးတီးတိုက်စစ်ကစားသမား ဟာလန်းက ၁၂ ဂိုးဖြင့် ရရှိခဲ့သည်။

**အောင်ဇော်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒကန်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(မြင့်ကျောက်ဖြင့် မြန်မာပါဠိနှင့် ရိုက်နှိပ်စာ ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၂၉ ဆူ | ၇၂၉ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၈၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၉၇ သိန်း | ၄၀၈၀၃ သိန်း |
| ၃။ | ဘုန်းကြီးကျောင်း(၇၄×၄၁၀×၁၂)ပေ | ၂၉၇၀.၀၀ | ၆ | ၆ | - |
| ၄။ | ဓမ္မာရုံ(၄၀×၂၄×၂၃)ပေ | ၄၈၀၀.၀၀ | ၁ | - | ၁ |
| ၅။ | ဆော်ကွန်ဘီ(၇၂×၁၀၀×၁၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ခြေလျှောက်လမ်းလှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၇၄၄.၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း | ၇,၂၈၄.၇၀ | ၁ | - | ၁ |
| | အဆောက်အဦ RC Structure လုပ်ငန်း မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | | | | |
| ၈။ | ရေချိုးအိမ်(အလျား ၁၅ ပေ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၅၉၄.၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်းအတွင်းစင်္ကြံခန်း(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာ့ရှေးဟောင်းလက်ရာပြခန်း ၂၇ ပေခန်း | ၃၁.၀၀ | ၄၅၅ ခန်း | ၉၅ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ဆောင်တိုင်(ကျောက်မြန်မာမှုပါ) | ၇၂.၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆.၈၅ | ၂၀၀ တိုင် | - | ၂၀၀ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉.၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်ဆောင်ကျောက်ကနုတ်ပန်း(ကျောက်မြန်မာမှုပါ) | ၇.၀၀ | ၆၅၂ ခု | ၁၅၅ ခု | ၄၉၇ ခု |
| ၁၆။ | ကျောက်ကျောက်ပြား ၁ ကျင်းနှုန်း | ၈.၅၀ | ၇၇၇၆.၃၅ ကျင်း | - | ၇၇၇၆.၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၅၀ | ၂၁၈.၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉.၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆.၅၀ | ၈၇၇၇ ကျင်း | - | ၈၇၇၇ ကျင်း |
| ၁၉။ | မုစလိန္ဒကန် | ၂,၇၇၁၁.၀၂ | ၁ | ၅၇၈၅ သိန်း | ၁၇၇၄၆.၀၂ သိန်း |
| | (က) မုစလိန္ဒကန်ရေကန်လုပ်ငန်း | ၆၇၁၁.၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒကန်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၈၆.၃၈ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒကန်အတွင်းအပြင်ပတ်လည်ရင်ပြင်ကျောက်ခင်းလှေကားများပြုလုပ်ခြင်း | | | | |
| | ၁။ အရှေ့ဘက်အဆင်း(၇၇၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အဆင်း(၇၇၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၉၄၅.၂၈ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂,၂၈၆.၄၀ | ၁ | - | ၁ |
| | (ဃ) ကျောက်ကျောက်ပြားခင်းခြင်း(၃၁၇၁.၆၅ ကျင်း) | ၈.၅၀ | ၃၁၇၁.၆၅ | - | ၃၁၇၁.၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၁.၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အလှပြင်ရေပန်းတပ်ဆင်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၇၀.၀၀ | ၁ | - | ၁ |
| | ၂။ အလှပြင်ရေပန်းတပ်ဆင်ခြင်း | ၇၂၀.၀၀ | ၁ | - | ၁ |
| ၂၀။ | ရေချိုးခန်း(၁၂ ပေ × ၁၈ ပေ) | ၂၀၉.၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကတ်သုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် မြန်မာပြန် ၂ မျိုးပါ)(Creamy Paper) လှူဒါန်းနိုင်ရေး(၅၃ ကျမ်း(၄၀ အုပ်))တစ်စုံလျှင် | ၁၂.၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကတ်သုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် မြန်မာပြန် ၂ မျိုးပါ)(Bible Paper) လှူဒါန်းနိုင်ရေး(၅၃ ကျမ်း(၄၀ အုပ်))တစ်စုံလျှင် | ၂၀.၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၈၂၅၂၁၆

## တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ ထားဝယ်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင် သာယာရေးအဖွဲ့များတွင် လျာထားသည့် တည်ဆောက်ရေးလုပ်ငန်းများ အား Lot(10)မှ Lot(29)အထိ တင်ဒါထပ်မံခေါ်ယူမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါကြောင်း အသိပေး ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၁၃-၆-၂၀၂၃ရက်
(ခ) တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန် - ၂၆-၆-၂၀၂၃ရက်၊ ၁၆:၀၀နာရီ
(ဂ) တင်ဒါဖွင့်ပွဲ ကျင်းပမည့်ရက် - ၃-၇-၂၀၂၃ရက်
(ဃ) တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ - တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၊ ထားဝယ်မြို့
(င) ဆက်သွယ်စုံစမ်းနိုင်သည့် ဖုန်းနံပါတ် - ၀၅၉-၂၀၂၃၄၈၁

၂။ တင်ဒါလျှောက်လွှာပုံစံများကို အထက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၆)၊ အိုးလုပ်ပြင်ကွင်း၊ ဦးပိုင်အမှတ်(ဃ/၂၃၇)၊ မြေဧရိယာ ဝ ဒသမ ၂၃ ဧကအား မြေငှားဂရန် အမှုတွဲအမှတ် ၃၅/၂၀၁၂-၂၀၁၃ အရ ဒေါ်လဲ့လဲ့ဝင်းအမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန် အမည်ပေါက်သူထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၁၀/၂၀၂၂) ဖြင့် ဦးဝေဇင်၊ဦးသိန်းနိုင်တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးဝေဇင် ၆/မအရ(နိုင်)၀၈၂၃၀၉၊ ဦးသိန်းနိုင် ၆/မအရ(နိုင်) ၀၈၄၃၅၃ တို့မှ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်-၁(ခ)၊ ကန်ကြီးကွင်း၊ ဦးပိုင်အမှတ်(၇၁)၊ မြေဧရိယာ ဝဒသမ ဝ၅၅ ဧကအား မြေငှားဂရန် အမှုတွဲအမှတ် ၄၄/၂၀၀၇-၂၀၀၈ အရဦးဇော်ဇော်မိုး အမည်ဖြင့်ရရှိခဲ့ပြီး မူလဂရန်ရရှိသူသည် ၁၁-၈-၂၀၁၄ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ဒေါ်နုနုကြည်မှ ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာလွှာစာချုပ်အမှတ်(၃၁/၂၀၂၃) ဖြင့် တင်သွင်းခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း)လျှောက် ထား နိုင်ရေး ဒေါ်နုနုကြည် ၆/တသရ(နိုင်) ၀၂၅၁၆၀ မှ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွင်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ထားဝယ်စုရပ်ကွက်၊ ကွင်းအမှတ်၁၁(ခ)၊ ထားဝယ်စုမြောက်ကွက်သစ်ကွင်း၊ ဦးပိုင်အမှတ်(၄၆)၊ မြေဧရိယာ ဝဒသမ ဝ၅၁ ဧကအား မြေငှားဂရန် အမှုတွဲအမှတ် ၁၀၇/၂၀၀၈-၂၀၀၉ အရဦးထွန်းထွန်းဝင်း ၊ ဦးဇော်ဇော်မိုး၊ ဦးစိုးမိုးနိုင် အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန် ရရှိသူ တို့အနက် ဦးဇော်ဇော်မိုးသည် ၁၁-၈-၂၀၁၄ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ဦးထွန်းထွန်းဝင်း၊ ဦးစိုးမိုးနိုင်၊ ဒေါ်နုနုကြည် မှ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာလွှာစာချုပ်အမှတ်(၈/၂၀၂၃) ဖြင့် တင်သွင်းခဲ့ပြီး ဒေါ်နုနုကြည်မှ အပြီးအပိုင်စွန့်လွှတ်ပေးသည့် စာချုပ်အမှတ် (၃၀/၂၀၂၃)ဖြင့် ဦးထွန်းထွန်းဝင်း၊ ဦးစိုးမိုးနိုင် တို့အား စွန့်လွှတ်ပေးခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးထွန်းထွန်းဝင်း ၆/မအရ(နိုင်) ၀၀၀၆၁၈၊ ဦးစိုးမိုးနိုင် ၆/မအရ(နိုင်)၀၉၁၂၆၂ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွင်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

